ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 November 2023 ၁၁၂၈၇

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကိုထပ်ကာထပ်ကာပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**တန်ဆောင်တိုင် မီးထွန်းပွဲတော် ကာလအတွင်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း ဆောင်ရွက်မည်** — စာမျက်နှာ » ၅

**လူတိုင်းစာတတ်မြောက်မှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ....** — ဆောင်းပါး စာမျက်နှာ » ၆

**ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများ၊ မိသားစုဝင်များကို ကယ်ထုတ်သွားခဲ့ကြောင်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မဟုတ်မမှန်ဝါဒဖြန့်ထုတ်ပြန်** — စာမျက်နှာ » ၁၁


# တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

## တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ခုနှစ်ရက်တိုင်တိုင်ကျင်းပမည်



တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲအခမ်းအနားကို အဝေရာမီးပုံးပျံကွင်း၌ ကျင်းပစဉ်။

တောင်ကြီး နိုဝင်ဘာ ၂၁

၂၀၂၃ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



# မင်းဘူး(စကု)မြို့နယ်၌ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရေး စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စစ်တမ်းကောက်ယူခြင်းများဆောင်ရွက်

မင်းဘူး နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်းပြီး ဒေသခံတောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရေး စိုက်ပျိုးနည်းပညာပေး စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များအဖြစ် စပါးမျိုး ခုနစ်မျိုးနှင့် စပါးမျိုး သုံးမျိုး စမ်းသပ်ကွက်များကို စိုက်ကွင်းလက်တွေ့စိုက်ပျိုးပြသပေးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ☆

# နိုင်ငံအနာဂတ်ကောင်းမွန်ရေးတွင်ပါဝင်

လူ့အဖွဲ့အစည်းတစ်ရပ်ကို နေစရာပထဝီနယ်မြေ၊ စုစည်းပေါင်းစပ်ဖော်ဆောင်သည့် အခွင့်အာဏာလွှမ်းတည်ခြင်းနှင့် ဖွဲ့စည်းထားသည်။ လူ့အဖွဲ့အစည်းသည် နိုင်ငံတော်ရှိနေ၍သာ တည်နေနိုင်သလို လူ့အဖွဲ့အစည်းရှိနေ၍လည်း နိုင်ငံတော်ရှိနေခြင်းဖြစ်သည်။ လူနှင့်လူ့အဖွဲ့အစည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တို့သည် တစ်ခုနှင့်တစ်ခုခွဲခြားထား၍မရ။ အပြန်အလှန်အမှီသဟဲပြုပြီး အပြန်အလှန် အကျိုးပြုရပေသည်။

လူတစ်ဦးတစ်ယောက်သည် ရပ်ရေးရွာရေး၊ တိုင်းရေးပြည်ရေးကိစ္စများကို မပါဝင်မဆောင်ရွက်ဘဲ တစ်သီးပုဂ္ဂလနေထိုင်၍မရပေ။ တစ်ဦးတစ်ယောက်အနေဖြင့် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို တစ်နည်းမဟုတ်တစ်နည်း၊ တစ်နေရာမဟုတ်တစ်နေရာမှ ပါဝင်လုပ်ဆောင်ရစမြဲဖြစ်သည်။ လူ့အဖွဲ့အစည်းအရေးကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်အရေး ဆောင်ရွက်ခြင်းသည်လည်း လူ့အဖွဲ့အစည်းအရေးဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် (တိုင်းပြည်)၏အရေးကို ဆောင်ရွက်ခြင်းသည် မွန်မြတ်သည့်နိုင်ငံရေး၊ ရိုးသားသည့်နိုင်ငံရေးဖြစ်သည်။

နိုင်ငံရေးနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက “နိုင်ငံရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အရေးဖြစ်သည်။ လူအများ၏အကျိုးကို ဖော်ဆောင်ရသော လုပ်ငန်းလည်းဖြစ်သည်။ မိမိကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံ၍ အများအကျိုးကို ဦးထိပ်ထားကာလုပ်ဆောင်ရသောအလုပ်လည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး၏ပင်ကိုသဘောသည် မွန်မြတ်သည်။ နိုင်ငံရေးသည် အလွန်မြင့်မြတ်သောအလုပ်ဖြစ်သည်။ နိုင်ငံရေးကို ဗန်းပြ၍ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဦးထိပ်မထားဘဲ မိမိအာဏာရရှိရေးအတွက် နည်းအမျိုးမျိုးဖြင့် လုပ်ကိုင်နေကြသော နိုင်ငံရေးသမားအမည်ခံတို့သည် နိုင်ငံရေး၏ မွန်မြတ်သောအဓိပ္ပာယ်ကို ပျက်စီးအောင် ဖျက်ဆီးနေသူများသာဖြစ်သည်။

“ပြည်ပအားကိုးပြီး တိုင်းပြည်ပျက်အောင် ကြံဆောင်နေကြသူများမှာလည်း နိုင်ငံနှင့်လူမျိုးကို သစ္စာဖောက်နေကြသော နိုင်ငံရေးအနှစ်သာရကို ဖျက်ဆီးနေသူများဖြစ်လေသည်။ စင်စစ်အားဖြင့် လုပ်သားပြည်သူတစ်ရပ်လုံး၏ ရေတိုရေရှည်အကျိုးစီးပွားများအတွက် မှန်ကန်သောနိုင်ငံရေးလမ်းစဉ်မူဝါဒများချမှတ်ပြီး လုပ်ကိုင်ရင်း ပြည်သူတို့၏ ယုံကြည်မှုနှင့် အားကိုးထောက်ခံမှုကို ရရှိနိုင်ပေသည်။ မှန်ကန်သောပြည်သူ့အကျိုးပြု လက်တွေ့လုပ်ငန်းများဖြင့် ပြည်သူတို့အား မှန်ကန်သောဦးဆောင်မှုပေးခြင်းသည် မွန်မြတ်သောနိုင်ငံရေးပင်ဖြစ်လေသည်”ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများ၏ မျှော်လင့်ချက်နှင့် ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါနိုင်ငံရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါး၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့သည် အလုပ်လမ်းညွှန်များဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နယ်ပယ်အသီးသီး၌ အောင်မြင်မှုများ ရတန်သလောက် ရရှိလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို နိုင်ငံချစ်သူတိုင်းက အသိအမှတ်ပြုကြသည်။

နိုင်ငံ့အရေးကို မည်သို့ပင်ကောင်းအောင် ဆောင်ရွက်နေသော်လည်း အမျိုးသားသစ္စာဖောက် အဖျက်သမားသောင်းကျန်းသူများက ဖျက်ဆီးနေကြသည်။ နယ်ချဲ့လက်သစ်များ၊ လက်ဝေခံများ၊ အဆိုးမြင်သူများက မသိကျိုးကျွန်ပြုကြသည်။ အမနာပပြောကြသည်။ မဟုတ်မမှန်သတင်းများ လုပ်ကြံထုတ်လွှင့်ကြသည်။ ပြည်ပပြည်ဖျက်သတင်းဌာနများကလည်း မီးလောင်ရာလေပင့်ပေးကြသည်။ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင်၊ တွေဝေအောင် လုပ်ဆောင်ကြသည်။ မည်သို့ပင်ဖြစ်စေ မွန်မြတ်မှန်ကန်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လမ်းစဉ်များကို မျက်ခြည်အပြတ်မခံဘဲ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာကောင်းမွန်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မည်သို့ပင် အခက်အခဲအနှောင့်အယှက်များရှိသော်လည်း ကိုယ့်ခွန်ကိုယ့်အားဖြင့် ကျော်လွှားနိုင်စွမ်းရှိသည်။ အဓိကမှာ မိမိနိုင်ငံ၏အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေသော အဖျက်အန္တရာယ်မှန်သမျှ တွန်းလှန်ဖယ်ရှားရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးကို တည်ဆောက်နေသည့် နိုင်ငံ့သားကောင်းများရှိနေသရွေ့ နိုင်ငံတော်၏အနာဂတ်သည် မှေးမှိန်ပျောက်ပျက်ခြင်းမရှိဘဲ တိုးတက်ကောင်းမွန်မည်ဟူသည့်အချက်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရက မှန်ကန်မွန်မြတ်သည့်မူဝါဒ၊ လုပ်ငန်းစဉ်များဖြင့် အဘက်ဘက်၌ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေချိန်တွင် နိုင်ငံသူ နိုင်ငံသားများကလည်း ငါနေထိုင်သောနိုင်ငံတော်၊ ငါ့နိုင်ငံတော်အတွက် ကောင်းသောခံယူချက်ဖြင့် တတ်နိုင်သည့်ဘက်၊ တတ်နိုင်သည့်နေရာမှ တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအနာဂတ်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်နိုင်ပါကြောင်း ဖိတ်ခေါ်ခြင်း

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၃ ခုနှစ်၊ ဆောင်ပုဒ်ဖြစ်သည့် **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့ကိုယ်တိုင် ရေးသားထားသည့် ဆောင်းပါးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerable group.dor@gmail.com တို့ထံ ဆက်သွယ်၍ ၂၄-၁၁-၂၀၂၃ ရက် (သောကြာနေ့) ညနေ ၁၆:၀၀ နာရီအထိ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)တွင် ကူးစက်မြန်မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြော

**စစ်တွေ နိုဝင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)တွင် စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကူးစက်မြန် မျက်စိနာရောဂါ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ဦးစွာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးမောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှဆန်းနုက မျက်စိနာခြင်း၊ မျက်လုံးရောင်ရမ်းခြင်းတို့နှင့်ပတ်သက်၍ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ရန်နည်းလမ်းများနှင့် ရောဂါဖြစ်ပွားနေသူများလိုက်နာရန် စသည့် ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး၊ လူငယ်သင်တန်းကျောင်း(စစ်တွေ) မှ ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်၊ သင်တန်းနည်းပြများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂,၃၇၅ | ၂၀,၇၃၃,၁၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၅၃၂ | ၁,၅၁၆,၄၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၃၂၇ | ၅၂၃,၁၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၅ | ၁၂,၀၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၆၇၂ | ၁,၃၄၀,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆ | ၂၉,၄၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၅၀၇ | ၈၅၀,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း ဖွင့်လှစ်





နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မှတ်ချက်ရှိ**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အားကောင်းခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု နယ်ပယ်သည် ဘဏ္ဍာငွေရရှိမှု အရင်းအမြစ်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ရေး၊ အသုံးစရိတ်များကို စနစ်တကျခွဲဝေရေး၊ ခွဲဝေပေးသော အသုံးစရိတ်များကို ထိရောက်စွာ အကျိုးရှိရှိ သုံးစွဲနိုင်မှု ရှိ၊ မရှိ စောင့်ကြည့်သတ်မှတ်ရေး စသည့်အဆင့်အလိုက် လုပ်ငန်းစဉ်များစွာဖြင့် ကျယ်ပြန့်သည့် နယ်ပယ်တစ်ခုဖြစ်ကြောင်း။

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ အထူးကာလတိုသင်တန်းများအပြင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းတို့ကို ဖွင့်လှစ်လျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းကို (၅)ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း သင်တန်းသား ၁၈၇ ဦးအား သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းကို တက်ရောက်သည့် သင်တန်းသားများအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်၊ အကြောင်းအရာများကို သေချာစွာလေ့လာသင်ကြားပြီး မိမိတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုတွင် စနစ်တကျ အသုံးချသွားကြစေလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆)သို့ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူး အဆင့် အရာထမ်း ၂၇ ဦး တက်ရောက်ကြမည် ဖြစ်ပြီး ရက်သတ္တငါးပတ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၉)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် “(၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်” သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါဖိုရမ်သို့ BRICS Institute၊ Shanghai Cooperation Organization ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် နိုင်ငံပေါင်း ၇၀ ကျော်မှ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ထင်ပေါ်ကျော်ကြားပညာရှင်များ ပါဝင်တက်ရောက်ကြပြီး ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကဏ္ဍများကို ခေါင်းစဉ်ရှစ်ခုခွဲ၍ သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် ဖိုရမ်သတ်မှတ်ခေါင်းစဉ်တစ်ခုဖြစ်သည့် Learning History through Culture၊ Historical Memory and Artistic World၊ Historical Heritage as a Formative Environment ကဏ္ဍများသို့ တက်ရောက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နိုဝင်ဘာ ၁၇ ရက်တွင် ဖိတ်ကြားထားသည့် နိုင်ငံ ၄၁ နိုင်ငံမှ နိုင်ငံကိုယ်စားပြုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး H.E. Ms. Olga Lyubimova နှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး H.E. Ms. Olga Lyubimova က မိတ်ဆွေနိုင်ငံများအနေဖြင့် အနာဂတ်ကာလများ၌ ယဉ်ကျေးမှုဆိုင်ရာ သံခင်းတမန်ခင်းလုပ်ငန်းများက လက်ရှိအခြေအနေများ၊ အရေးကိစ္စများကို အဖြေရှာရန် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များက မိမိတို့၏ ယဉ်ကျေးမှုများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ယခုကဲ့သို့ စိန်ခေါ်မှုများရှိနေသည့်ကာလ၌ ဤဖိုရမ်ကို ကျင်းပခြင်းသည် ဒေသတွင်းယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါတန်ဖိုးရှိမှုကို နှိုးဆော်လိုက်ခြင်းဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ များများပြုလုပ်ပါက မတူကွဲပြားသည့် ယဉ်ကျေးမှုများကို ပိုမိုနားလည်သဘောပေါက်လာမည်ဖြစ်ပါကြောင်း၊ နားလည်မှုနှင့် နက်ရှိုင်းသည့် ဆက်ဆံရေးကို ပိုမိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ဖိုရမ်သည် ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍအတွက် မူဝါဒရေးဆွဲခြင်း၊ ရေးဆွဲပြီးသည့် မူဝါဒများကို အကောင်အထည်ဖော်ခြင်းတို့နှင့် စပ်လျဉ်းပြီး အတွေးအခေါ်၊ အယူအဆများ၊ အတွေ့အကြုံများ ဖလှယ်မြှင့်တင်ဆောင်ရွက်ရန်အတွက် အဓိကကြိုးပမ်းဆောင်ရွက်မှုတစ်ခု ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်လာသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ အနုပညာရှင်များနှင့် တွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနား၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ပညာရှင်များနှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းချက်များကို ရင်းနှီးခင်မင်စွာ ပြန်လည်ရှင်းလင်း ဖြေကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်တွင် စိန့်ပီတာစဘတ်မြို့ State Heritage Museum ၌ ကျင်းပသည့် The Heritage Award Ceremony သို့တက်ရောက်ကြပြီး State Heritage Museum အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်ပေါင်း ၁၄၀ သက်တမ်းရှိ Mikhailovsky Theatre ဇာတ်ရုံ၌ ဖိုရမ်အား ဂုဏ်ပြုတင်ဆက်သည့် Opera and Ballet Stars Gala ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ကိုယ်စား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲ၊ State Academy Mariinsky Theatre ပြဇာတ်ရုံ၌ တင်ဆက်သည့် Concert နှင့် Capella ပြဇာတ်ရုံ၌ တင်ဆက်သည့် ရုရှားသံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုများကို နိုင်ငံတကာ ယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်လာသည့် နိုင်ငံများမှ ဝန်ကြီးများ၊ ပညာရှင်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းလှမြို့၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

မင်းလှ နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးညီလာခံ ၂၀၂၃ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်းကို မြို့နယ် ဆရာဝန်ကြီး ဒေါက်တာလှဝင်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၆၉ ဦးအား ဆေးကုသမှုဆောင်ရွက်ပေးခဲ့ပြီး ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာဂလ- သန့်ဇင်လှ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းအားလုံးပြီးစီးပါက သာဂလ၊ သန့်ဇင်လှ ကျေးရွာအပါအဝင် ကျေးရွာ သုံးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာနေပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေသော ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာနေ တောင်သူဦးအောင်ခိုင်၏ မိုးစပါးရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက GW-11 မိုးစပါးမျိုးအနေဖြင့် တစ်ကေလျှင် စပါးတင်းရေ ၁၁၈ တင်းထွက်ရှိမှုနှင့် GW-18 စပါးမျိုး အနေဖြင့် စပါးတင်းရေ ၁၀၀ ထွက်ရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး နိုင်ငံတော်မှ သမဝါယမစနစ်ဖြင့် ကျေးရွာတောင်သူများအား သွင်းအားစုရရှိရေးနှင့် နည်းပညာရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေများ ပြန်လည်ပေးဆပ်မှသာ ပြန်လည်ထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာသည့် အတိုးငွေများဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးရွာအဝင်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသော အိမ်တိုင်ရာရောက် ရေမီတာစနစ်သုံး ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာသူ ကျေးရွာသားများ တတ်နိုင်သောနှုန်းဖြင့် ရေခွန်ရေခကောက်ခံသွားရန်နှင့် ရေပေးဝေရေးလုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့အကျိုးအတွက် မျိုးဆက်သစ် အင်ဂျင်နီယာကောင်းများမွေးထုတ်ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အမျိုးသားရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည့် မျိုးဆက်သစ်အင်ဂျင်နီယာကောင်းများကို အရည်အသွေးပြည့်မီစွာ မွေးထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်များတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့ရာ တွေ့ဆုံပွဲ၌ ဒုတိယပါမောက္ခချုပ်နှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးခဲ့ကာ ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုနိုင်သည့် စွမ်းရည်မြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် Electronics အင်ဂျင်နီယာဌာနက ဖွင့်လှစ်သင်ကြားသော နည်းပညာတက္ကသိုလ်များမှ ဆရာ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းတွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ဆက်လက်၍ in-house training တက်ရောက်နေသာ ဘွဲ့ကြိုသင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍



နိုင်ငံတော်က အမှန်တကယ် အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ် လူငယ်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် Nuclear အင်ဂျင်နီယာဌာနတွင် ပါရဂူဘွဲ့သင်တန်းသူ တစ်ဦးက Effect of Recycled Plastics in Concrete and Application of Gamma Shielding သုတေသနဆောင်ရွက်နေမှုအခြေအနေ၊ စာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကာ နိုင်ငံတော်ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးနိုင်မည့် သုတေသနစီမံကိန်းများဖြင့် ရှင်သန်သက်ဝင် နေသော တက္ကသိုလ်ရပ်ဝန်းဖြစ်စေရေးနှင့် နိုင်ငံ့အကျိုးပြု မျိုးဆက်သစ်လေကြောင်းနှင့် အာကာသအင်ဂျင်နီယာကောင်းများကို စံနှုန်းများနှင့်အညီ မွေးထုတ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်နှင့် လက်တွေ့ခန်းများ၌ စစ်ဆေးခဲ့ပြီး လေကြောင်းနှင့် အာကာသပညာပြခန်း၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လူထုအခြေပြုပရဟိတရန်ပုံငွေ “ယဉ်ကျေးဖလှယ်စုပေါင်းညီညာ၊ ဤကမ္ဘာ” အစီအစဉ်ဖြင့် လှူဒါန်းထားသည့် ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင် အထိမ်းအမှတ်ရုပ်တုနှင့် Vostoak 1 အာကာသယာဉ်၊ သမိုင်းကြောင်းများ၊ စူးစမ်းလေ့လာမှုများနှင့် အခြားပြသထားမှုများကို ကြည့်ရှုခဲ့ပြီး ပြေးလမ်း ရှစ်ခုပါ ဘောလုံးကွင်းတည်ဆောက်ပြီးစီးမှုနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နည်းပညာတက္ကသိုလ်(မိတ္ထီလာ) သို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဌာနများရှိ လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန်နှင့် MSMEs လုပ်ငန်းများရှိ ကုန်ထုတ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လယ်ဝေးမြို့နယ်၌ ပထမနေ့အဖြစ် လယ်ဝေးမြို့နယ် စည်ပင်သာယာရေးကော်မတီ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြရာ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit)ကို ကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ပြီး မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ အမှတ် (၁)ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်၊ အမှတ် (၃)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်၊ အမှတ် (၅)ရပ်ကွက်၊ အမှတ် (၆) ရပ်ကွက်၊ အမှတ် (၇)ရပ်ကွက်၊ ရေအိုးစင်ကျေးရွာအုပ်စု၊ လယ်တာကြီးကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာအုပ်စု၊ ဥသျှစ်လှိုင်းကျေးရွာအုပ်စု၊ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ မြွေရိုးကျောင်းစုကျေးရွာအုပ်စု၊ သက္ကာယ်ချင်းကျေးရွာအုပ်စု၊ ရှားချောင်းကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာအုပ်စု၊ ကြို့ပင်ကျေးရွာအုပ်စု၊ ဝက္ကမူကျေးရွာအုပ်စု၊ ဒလန့်ချွန်ကျေးရွာအုပ်စု၊ စွယ်တော်မျှောင်ကျေးရွာအုပ်စုနှင့် မင်းပြင်ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း ဆန္ဒမဲများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မှန်မှန်ကန်ကန် မဲပေးဆောင်ရွက်နိုင်သည့်အပြင် ပယ်မဲများ မရှိနိုင်တော့သည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် စမ်းသပ်မဲပေးခဲ့ကြကြောင်းနှင့် လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၇ ခုမှ မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းသရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေးခြင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း ဆောင်ရွက်မည်



**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းကို တန်ဆောင်တိုင် မီးထွန်းပွဲတော် ကာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကပ်လှူပူဇော်သွားမည်**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း နိုဝင်ဘာ ၂၆ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ညပိုင်းတွင် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင်ကိုးစင်ဖြင့် မသိုးရွှေကြာသင်္ကန်း စတင်ရက်လုပ်ပြီး နိုဝင်ဘာ၂၇ ရက် (တန်ဆောင်မုန်းလပြည့်)နေ့ နံနက်တွင် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့ ကပ်လှူပူဇော်သွားမည်ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်**

ပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည်မီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း ရောင်စုံအလှမီးများ တပ်ဆင်ပူဇော်ထားရှိခြင်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာ မုန့်ဆိုင်များ ခင်းကျင်းရောင်းချခြင်း၊ ဘုရားဖူးလာ ကလေးသူငယ်များအတွက် ချားရဟတ် စသည့် ကလေး ကစားကွင်းများဖြင့် ပွဲတော်ကာလအတွင်း စီစဉ်ဆောင်ရွက် ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**❖ ရွှေဖုံးမှ**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က လောကချမ်းသာ စူဠာမုနိဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်ပူဇော်ကြပြီး စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပေးကြသည်။

ဆက်လက်၍ အဝေရာမီးပုံးပျံကွင်းတွင် ဒေသခံအဆိုတော်များက ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ရှမ်းရိုးမက အိုးစည်သံ၊ မြေပြန့်သူလေး နောင်ပိန်နောင်၊ ရိုးရာမပျက်တဲ့မြေသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ၂၀၂၃ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့နာယက၊ ရပ်မိရပ်ဖ၊ မီးပုံးပျံပညာရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်၏ အထင်ကရ တန်ဆောင်တိုင်ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပပေးခြင်းဖြင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာပွဲတော်ကို ဖော်ထုတ်မြှင့်တင်အားပေးခြင်း ဖြစ်ပါကြောင်း၊ တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်အပါ (၇၁)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် မီးပုံးပျံပွဲ မကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း၊ မြို့လုံးကျွတ် ဘုံကထိန် ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံပြိုင်ပွဲ(တစ်ကောင်ချင်း/အုပ်စုအရုပ်)၊ ယမ်းမီးကြီးညလွှတ် မီးပုံးပျံပြိုင်ပွဲနှင့် စိန်နားပန် မီးပုံးပျံပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးနှင့် အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၊ ညီရင်းအစ်ကို မောင်နှမများပမာ ရင်းနှီးချစ်ခင်စွာ၊ အေးချမ်းတည်ငြိမ်စွာ၊ စည်းလုံးညီညွတ်စွာ၊ ပျော်ရွှင်ကြည်နူးစွာဖြင့် ပူးပေါင်းပါဝင်ဆင်နွှဲကြရန် ပြောကြားသည်။

ယင်းနောက် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးကော်မတီ နာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တန်ဆောင်တိုင်ပွဲတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံနှစ်လုံး လွှတ်တင်ပေး၍ တိုင်းရင်းသားတိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၅၀၊ ကျောင်းသား ကျောင်းသူ ၁၂၀၀ က မီးပုံးပျံအသေး ၃၀၀ နှင့် ပရိသတ်များက ကုမ္ပဏီ မီးပုံးပျံ အသေးအလုံး ၂၀၀၀ လွှတ်တင်ပေး၍ မီးရှူး၊ မီးပန်းပစ်ဖောက်ပေးကြပြီး ၂၀၁၉ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ဆုရသီချင်းဖြင့် တိုင်းရင်းသား ယဉ်ကျေးမှုအကဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့က တူညီအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ခေတ်ပေါ်တေးဂီတတီးဝိုင်းမှ ဒေသခံအဆိုတော်များက ညှော့်ခံဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့နာယက၊ ရပ်မိရပ်ဖ၊ မီးပုံးပျံပညာရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**☆ မင်းဘူး(စကု)မှ**

မင်းဘူး(စကု)မြို့နယ်၌ စပါးမျိုးယှဉ်ပြိုင်သရုပ်ပြ စမ်းသပ်ကွက်အဖြစ် (ဆင်းသုခ၊ ဆင်းသုခ-၁၊ ဆင်းသုခ-၂၊ ဆင်းသုခ-၃၊ ဆင်းသုခ-၄၊ ရွှေရီတိုး၊ YMR-20) စပါးမျိုးခုနစ်မျိုးနှင့် စပါးသက်လတ် အထွက်ကောင်းမျိုးများဖြစ်သော ဆာဖိုးသာ၊ ထိုင်းနံ့ကောက်နှင့် GW-11 စပါးမျိုး သုံးမျိုး ယှဉ်ပြိုင် စမ်းသပ်ကွက်များကို ဥယျာဉ်ဇင်ကျေးရွာအုပ်စု သိမ်ကုန်းနည်းပညာပြန့်ပွားရေးစင်တာရှိ ကွင်းအမှတ်(၁၁၉၂)တွင် စိုက်ပျိုးထားကြောင်း၊ အဆိုပါ စပါးမျိုးများအနက် ဒေသခံတောင်သူများ၏ ကြိုက်နှစ်သက်မှုအပေါ်မူတည်၍ စပါးမျိုး ရွေးချယ်လေ့လာခြင်းလုပ်ငန်းများနှင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက စိုက်ကွင်းလက်တွေ့လုပ်ငန်းများအဖြစ် စပါးမျိုး ခုနစ်မျိုးအား စပါးပင်သက်တမ်းအလိုက် စစ်တမ်းကောက်ယူထားရှိမှုများကို ခတ်ပုံမှတ်တမ်းများနှင့်တကွ စိုက်ကွင်းလက်တွေ့ရှင်းလင်းတင်ပြခဲ့ပြီး ဒေသခံတောင်သူများ၏ မျက်မြင်တွေ့ရှိချက်အရ စပါးနံ့ဖြစ်တည်မှု၊ စပါးပင်အမြင့်၊ စပါးပင်ရင့်မှည့်မှုတို့ကို အခြေခံ၍ စပါးမျိုးခုနစ်မျိုးအနက် ဆင်းသုခ-၁ စပါးမျိုးအား ကြိုက်နှစ်သက်မှုအများဆုံးအဖြစ် စစ်တမ်းကောက်ယူရရှိခဲ့ကြောင်း၊ ထို့အတူ ဆာဖိုးသာ၊ ထိုင်းနံ့ကောက်နှင့် GW-11 စပါးမျိုးသုံးမျိုး ယှဉ်ပြိုင် စမ်းသပ်ကွက်အားစိုက်ကွင်းလက်တွေ့ လေ့လာခဲ့ကြပြီး စပါးပင်နှင့် အနှံအစေ့ ဖြစ်ထွန်းမှုအပေါ် မျက်မြင်တွေ့ရှိချက်အရ ဆာဖိုးသာ စပါးမျိုးကို ဒေသခံတောင်သူများက ပိုမိုနှစ်သက်သဘောကျပြီး စပါးသီးနှံ ဝယ်လိုအားရှိပါက သက်လတ်အထွက်ကောင်းစပါးမျိုးအဖြစ် စိုက်ပျိုးလိုကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၃-၂၀၂၄ မိုးစပါးစိုက်ပျိုးရာသီတွင် ဧကပေါင်း ၄၀၉၃၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ စတင်ရိတ်သိမ်းနေပြီဖြစ်ကာ စပါးအထွက်နှုန်းများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# လူတိုင်းစာတတ်မြောက်မှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ....

ပေရယ်မေ

**နိုင်ငံတစ်နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်အတန်းမြင့်မားမှုသည် နိုင်ငံသားတိုင်း စာတတ်မြောက်မှုအပေါ် မူတည်နေပါသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်း၏လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးတို့အတွက် အရေးကြီးသကဲ့သို့ လူ့အဖွဲ့အစည်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အရေးပါသည်။ လူတိုင်းစာတတ်မြောက်ရေးသည် ဤကမ္ဘာကြီးတွင် လိုအပ်ချက်တစ်ခုဖြစ်လာ၍ နိုင်ငံတိုင်း စာတတ်မြောက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လှုပ်ရှားမှုများဆောင်ရွက်ကြပါသည်။**

### စာတတ်မြောက်ရေးလှုပ်ရှားမှု

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ရှေးမြန်မာမင်းများလက်ထက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ရှင်ဘုရင်များ၏ အားပေးမှုနှင့် ဘုန်းတော်ကြီးကျောင်းများ၏ သင်ကြားမှုကြောင့် စာမတတ်သူနည်းပါးပြီး စာတတ်မြောက်မှု မြင့်မားခဲ့ပါသည်။ သို့သော် နယ်ချဲ့နှင့် ဖက်ဆစ်လက်အောက်ကျွန်သပေါက်ဘဝ ကျရောက်ချိန်တွင် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၆၄ ခုနှစ်မှ စာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့ရာ "အ"သုံးလုံးဟုခေါ်သော စာမတတ်သူ ပပျောက်ရေးစီမံကိန်း၊ နောင်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေးစီမံကိန်းဟူ၍ လှုပ်ရှားဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံမှ လူထုလှုပ်ရှားမှုပုံစံသည် စာတတ်မြောက်ရေးစီမံကိန်းများ၏ စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းကြီးဖြစ်သော ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် 'မိုဟာမက်ရေဇာပါလာဗီ'ဆုကို ရရှိပြီး ၁၉၈၃ ခုနှစ်တွင် 'နိုမာဆု' ကို ရရှိခဲ့သော ကမ္ဘာကျော်ခဲ့သည့် သမိုင်းမှတ်တမ်းများ ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သည့် "အ" သုံးလုံးဆောင်ရွက်ချက်များ

၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် မိတ္ထီလာမြို့နယ် အရှေ့သဖန်းစံပြကျေးရွာ၌ "အ"သုံးလုံးကျေ တစ်လသင်တန်းကို မူလတန်းဆရာဖြစ်သင်တန်းမှ ဆရာသုံးဦးနှင့် အလယ်တန်းဆရာဖြစ်သင်တန်းမှ ဆရာတစ်ဦးတို့က ပထမဆုံးစမ်းသပ်ဖွင့်လှစ်သင်ကြားပို့ချခြင်းဖြင့် 'အသုံးလုံးသမိုင်းသစ်'ကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါအတွေ့အကြုံကိုယူ၍ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ရှေ့ပြေးစမ်းသပ်ခရိုင်အဖြစ် စာမတတ်သူပပျောက်ရေးစီမံကိန်းဆောင်ရွက်ရာ ခရိုင်လုံးကျွတ်စာတတ်မြောက်သွားကြသည်။ ထိုမှဆက်၍ "အ"သုံးလုံးလှုပ်ရှားမှုများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုင်း၊ ခရိုင်၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ စာတတ်မြောက်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး နှစ်စဉ်နွေရာသီအခါတိုင်း တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ကျောင်းပိတ်ချိန်တွင် တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းတို့၏ စေတနာလုပ်အားဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး ရပ်ရွာအတွင်းရှိ အခြေခံပညာအထက်တန်းအောင်မြင်သူများ၊ သင်ယူဖူးသူများနှင့် ဘွဲ့ကြိုဘွဲ့ရ စေတနာရှင်လုပ်အားပေးများကလည်း အဆိုပါလှုပ်ရှားမှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်မှုကြောင့် စာမတတ်သူ သန်းပေါင်းများစွာစာတတ်ခဲ့ပြီး မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများ ကျင်းပနိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း ပြည်သူပေါင်း နှစ်သန်းလေးသိန်းကျော် စာတတ်မြောက်ခဲ့သည်ဟု သိရသည်။

### အောင်မြင်ခဲ့သည့် မြန်မာစာသင်ကြားနည်းစနစ် ဝ၊ ထ၊ က၊ လ၊ သ

မြန်မာစာ ရေးတတ်၊ ဖတ်တတ်ရန် အလွယ်ကူဆုံး သင်ကြားနည်းစနစ်ဖြစ်သည့် 'ဝ၊ ထ၊ က၊ လ၊ သ' မြန်မာအက္ခရာဖြင့် စတင်သင်ကြားခဲ့ကြပြီး ထိုသင်ကြားနည်းစနစ်ကို ဆရာကြီးဦးသံဗျင်ဦးစီး၍ တီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဝ၊ ထ၊ က၊ လ၊ သမှစလို့ သင်ကြားသည့်နည်းစနစ်သည် ထိရောက်ခဲ့ပြီး သက်ကြီး၊ သက်လတ်ရွယ်အိုများ အလင်းရသွားခဲ့ကြသည်မှာ မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကြီး ကမ္ဘာကျော်သည်အထိ အောင်မြင်ခဲ့သည့် နည်းစနစ်တစ်ခုဖြစ်ခဲ့သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုသည် လူထု၏အရေးတကြီးကိစ္စ၊ စာမတတ်သူ၊ 'အ'သုံးလုံးမကျေသူ တစ်ဦးတစ်ယောက်မျှ မကျန်ရလေအောင် ကောက်သင်းကောက်ပြီး ဆောင်ရွက်ခြင်းဖြစ်၍ အလွန်ပင်မွန်မြတ်လှသော ပရဟိတလုပ်ငန်းစဉ်ဟူ၍ပင် အမည်နာမတပ်ရပေမည်။ တောင်ပေါ် မြေပြန့်နယ်စွန်နယ်ဖျားအထိ ဖြန့်ကြက်ကာ တောရွာအနှံ့ ဖြန့်ကြက်ပြီး 'အ'သုံးလုံးကျေလုပ်ငန်းများကို တစ်သက်တာကြာ သင်ကြားသင်ယူခြင်း (Lifelong learning) စနစ်ဖြင့် ဆောင်ရွက်နေရဦးမည်ဖြစ်ပါသည်။ တစ်ချိန်က ဦးသိန်းထွန်း (မြစ်ကြီးနားကောလိပ်)က စပ်ဆိုခဲ့သောစာသင်ချိန် တေးကဗျာသည် 'အ'သုံးလုံးလှုပ်ရှားမှုတွင် နာမည်ကြီးအောင်မြင်ခဲ့သော တေးကဗျာတစ်ပုဒ်ဖြစ်ခဲ့သည်။

" ညမှာထိန်လင်း၊ လပြည့်ဝန်းလို
ရေးမယ်ဆိုက၊ **ဝ** ခေါ်သတဲ့ ဦးကြီးရဲ့
**ဝ** ကို နှစ်လုံး၊ ပူးလျက်သုံးက
**ထ** ခေါ်သဗျ အဒေါ်ရေ။
**ထ** ကိုအောက်ဖျက်၊ အသံထွက်ကို
**က** ဆိုသတဲ့ ဦးကြီးရဲ့။
**ထ** စာလုံးကို၊ ဘယ်မှာအောက်ဖျက်
ညာထက်ဖျက်က၊ **လ** ခေါ် သဗျ အဒေါ်ရေ။
**ထ** စာလုံးရေး၊ ဘယ်မှာဘေးဖွင့်
ညာထက်ပွင့်ကို၊ **သ** ခေါ်သတဲ့ ဦးကြီးရဲ့။
ဦးဦး ဒေါ်ဒေါ်၊ အခေါ်အဝေါ်မလွဲချော်အောင်
အော်ဟစ်ခါခါ၊ ဆိုကြပါဗျ
**ဝ ထ က လ သ**။ "

### စာတတ်မြောက်မှုနှုန်းနှင့် စာတတ်မြောက်ရေးဆောင်ရွက်ချက်

စဉ်ဆက်မပြတ် ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်ဟုသိရသည်။ စာတတ်မြောက်ရေးနှင့်ပတ်သက်ပြီး အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေးဟူ၍ နည်းလမ်းသုံးသွယ်ဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ကျောင်းမတက်နိုင်သော မသန်စွမ်းကလေးများအတွက် ပုံမှန်ကလေးများနည်းတူ ပညာသင်ယူမှုအခွင့်အလမ်းများ ဖန်တီးပေးသည့် လူတိုင်းအကျုံးဝင်ပညာရေးကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ မိဘများလုပ်ငန်းပြောင်းရွှေ့ရာသို့ လိုက်ပါကာ နေထိုင်ရသောကလေးများ ပညာသင်ကြားရေးအတွက် ရွှေ့လျားကျောင်းအစီအစဉ်ကိုလည်း စီမံဖော်ဆောင်ခဲ့သည်။

### ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံစာတတ်မြောက်ရေးသည် နိုင်ငံသားတိုင်းအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာ၍ နိုင်ငံတော်ကလည်း အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့် ရရှိစေရမည်ဟူသော ပညာရေးမူဝါဒချမှတ်ကာ အခြေခံပညာ၏အရင်းခံဖြစ်သော စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှုတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများအပါအဝင် ဒေသခံတိုင်းရင်းသားများ၏ စာတတ်မြောက်မှုနှင့် အတန်းပညာတတ်မြောက်မှု အားနည်းသည်ကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် " ဝ၊ ထ၊ က၊ လ၊ သ" စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်ခဲ့ပြီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာများနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဖွဲ့စည်းထားရှိပြီး " ဝ၊ ထ၊ က၊ လ၊ သ" (အခြေခံစာတတ်မြောက်ရေး) အဆင့်မှ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်သည်။ အဆိုပါကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်အပေါ် ဝန်ကြီးဌာနများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့်အစီအမံများနှင့် အကြံပြုချက်များအား ပြည်ထောင်စုဝန်ကြီးများနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအဖြေရှာဆွေးနွေးကြပြီး ဖြစ်သည်။


စာပေသည် လူတို့အတွက် အသိအလိမ္မာတို့ သိုမှီးရာ ဘဏ္ဍာတိုက်ကြီးဖြစ်သကဲ့သို့ "စာမတတ်လျှင် အကန်းနှင့်တူသည်" ဟူသောရှေးဆိုရိုးစကားသည်လည်း မှန်လှပေသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ ဘဝ၊ လူနေမှုအဆင့်အတန်းတို့သာမက မိသားစု၊ ရပ်ကွက်နှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သကဲ့သို့ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာမတတ်သူကင်းမဲ့ပြီး လူတိုင်းစာတတ်မြောက်နိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာခေတ်ကြီးတွင် ဆန်းသစ်ထိရောက်သောသင်ကြားသင်ယူမှုနည်းလမ်းများအသုံးချ၍ စာမတတ်သေးသူများကလည်း ကြိုးစားသင်ယူရင်း ပညာရှင်များကလည်း စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

> **"စာပေသည် လူတို့အတွက် အသိအလိမ္မာတို့ သိုမှီးရာဘဏ္ဍာတိုက်ကြီးဖြစ်သကဲ့သို့ "စာမတတ်လျှင် အကန်းနှင့်တူသည်" ဟူသောရှေးဆိုရိုးစကားသည်လည်း မှန်လှပေသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ဘဝ၊ လူနေမှုအဆင့်အတန်းတို့သာမက မိသားစု၊ ရပ်ကွက်နှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သကဲ့သို့ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်"**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဆင်သေချောင်းတံတား(ကျောက်ချက်) အသစ်တည်ဆောက်ခြင်းနှင့် ဘောဂသီရိအဝေးပြေးကားဝင်းကြားရှိ လမ်းဆုံ(Junction)တွင် ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရေးအတွက် ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး





နေပြည်တော်   နိုဝင်ဘာ   ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး မိုင်တိုင်အမှတ်(၂၂၃/၁)ရှိ ဆင်သေချောင်းတံတား (ကျောက်ချက်) လေးလမ်းသွားတံတားသစ် တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်နှင့် ဘောဂသီရိအဝေးပြေးကားဝင်းကြားရှိ လမ်းဆုံ (Junction)တွင် ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရေးအတွက် လမ်းပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆင်သေချောင်းတံတား(ကျောက်ချက်) တံတားအသစ် အရှည် ပေ ၂၁၀ တိုးချဲ့တည်ဆောက်နေသည့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ရွက်ချက်အပေါ် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Master Plan အနေဖြင့် ခြောက်လမ်းသွားဖြင့် လျာထားပြီး ပထမအဆင့်အနေဖြင့် လေးလမ်းသွားအဆင့် ဆောင်ရွက်ထားမှု၊ တံတားအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ထားရှိမှု၊ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချောင်းရေတိုက်စားမှု မဖြစ်ပေါ်စေရေး မြစ်ချောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ဆက်လက်ဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးမြေများ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ချောင်းရေတင်စနစ်ဖြင့် အသုံးပြုနိုင်ရန် ဆင်သေချောင်း၏ Down Stream ၌ ယာယီရေထိန်း ဆောင်ရွက်ရန် လိုအပ်မှု၊ လမ်းဆုံ(Junction)တွင် ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရေး ယာဉ်ကြောပြင်ဆင်သတ်မှတ်ထားရှိမှု၊ လမ်းအချက်ပြဆိုင်းဘုတ် (Road Sign)များ စနစ်တကျ ဆောင်ရွက်မည့်အခြေအနေနှင့် ယာဉ်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး လမ်းတိုးချဲ့ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆင်သေချောင်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေလမ်းကြောင်းထိန်းသိမ်းရေး၊ ချောင်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ဆင်သေချောင်းတွင် ယာယီရေထိန်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဆင်သေချောင်းတံတား(ကျောက်ချက်) တည်ဆောက်ပြီးစီးမှု၊ တံတားအောက် ရေလမ်းကြောင်း ထိန်းသိမ်းရေးနှင့်ပတ်ဝန်းကျင်သာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ တံတားနှင့် ဘောဂသီရိအဝေးပြေးကားဝင်းကြားရှိ လမ်းဆုံ(Junction)တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်သွားလာမှုစနစ်တကျ ဖြစ်စေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒေသနေပြည်သူများအတွက် အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို ပြည့်ဝဖူလုံစွာ ထုတ်လုပ်ပေးနိုင်ရန် ကာလတို၊ ကာလရှည် စီမံကိန်း၊ စီမံချက်များ ဆောင်ရွက်

နေပြည်တော်   နိုဝင်ဘာ   ၂၁

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့သည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းစိုက်ကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ကွင်းတာဝန်ခံက သရက်၊ ပဲစင်းငုံ၊ မိုးနေကြာ၊ ကုလားပဲနှင့် ပိုက်ဆံလျှော်စိုက်ပျိုးနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဒေသနေတောင်သူများအား ထိရောက်သည့် နည်းပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် မန္တလေးတိုင်းဒေသကြီးအတွင်း စားသုံးဆီပိုလျှံစွာ ထုတ်လုပ်ရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးတာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး စွန်ရဲအင်းဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးဇုန်၏ မြေနေရာ ခွဲဝေချထားမှု၊ မွေးမြူရေးဇုန်အတွင်း နွားမွေးမြူရေးခြံ၊ ဆေးကုသရေးရုံ၊ အစာသိုလှောင်ရုံနှင့် နွားစားမြက် စိုက်ပျိုးရေးလျာထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဈေးကွက်နှင့်ကိုက်ညီသော အရည်အသွေးပြည့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်အတွက် ဌာနနှင့်ပုဂ္ဂလိကများအကြား ပူးပေါင်းဆောင်ရွက်စေရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် စွန်ရဲအင်းဒေသ ငွေပင်လယ်နွားမွေးမြူရေးလုပ်ငန်း (ကျောက်ဆည်)၏ နို့စားနွားမွေးမြူထားရှိမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှုအားကောင်းလာစေရန် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများ အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်မှု ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက ရန်ကုန်မြို့တွင်းရှိ အဓိကလမ်းမကြီးများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

မြို့တော်ဝန်နှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေးဘုရားလမ်းအား ကတ္တရာကွန်ကရစ်(AC) ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်သို့လည်းကောင်း၊ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် သံလွင်လမ်းကြားရှိ တက္ကသိုလ်ရိပ်သာလမ်းအား မီးပွိုင့်အပိတ်မျဉ်း၊ လမ်းလယ်မျဉ်းနှင့် ယာဉ်ကြောမျဉ်း Road Marking များ ရေးဆွဲခြင်းလုပ်ငန်းခွင်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရန်၊ လမ်းဆုံမီးပွိုင့်များ မြင်ကွင်းရှင်းလင်းအောင် ဆောင်ရွက်ရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဂရုစိုက်ဆောင်ရွက်ရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၁

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်   နိုဝင်ဘာ   ၂၁

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# (၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ





နေပြည်တော် နိုဝင်ဘာ ၂၁

(၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Hybrid စနစ်ဖြင့် လက်ခံကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မဟာမဲခေါင်ဒေသခွဲအနေဖြင့် မတူကွဲပြားသော ယဉ်ကျေးမှုများ၊ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများနှင့် နိုင်ငံတကာ ခရီးသွားများအား စဉ်ဆက်မပြတ်ဆွဲဆောင်နိုင်ခြင်းတို့ကြောင့် ကမ္ဘာကသိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝအလှတရားများ၊ သမိုင်းဝင်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် တစ်မူထူးခြားသော အတွေ့အကြုံများ၊ ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းမှ လာရောက်လည်ပတ်သူများအတွက် ဆွဲဆောင်မှုရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာ ၂၀၃၀ တွင် ဖော်ပြထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်ကို တွေ့ရကြောင်း၊ ယင်းမဟာဗျူဟာသည် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ချိတ်ဆက်မှုတိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ရည်ရွယ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မဟာမဲခေါင်ဒေသခွဲသို့ ခရီးသွားဧည့်သည် ၇၃ ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ အဆိုပါကပ်ရောဂါကြောင့် စိန်ခေါ်မှုများရှိခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်လာစေရန်နှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပမည့် အစည်းအဝေးများက အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာအားကောင်းသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်နိုင်ပြီး မဟာမဲခေါင်ဒေသခွဲရှိ ခရီးသွားကဏ္ဍအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းအပြင် အဖွဲ့ဝင်နိုင်ငံများအကြား ဟန်ချက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်း၊ ခရီးစဉ်ဒေသများအကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မဟာမဲခေါင်ခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဟာမဲခေါင်ဒေသခွဲ ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသောကြိုဆိုညစာစားပွဲသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။


အဆိုပါအခမ်းအနားများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ Designated Areas for Sustainable Tourism Administration (DASTA) အဖွဲ့မှ ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အာဆီယံ-ဂျပန်ဗဟိုဌာန၊ အာရှပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ စစ်ချွမ်-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစပယ်အစိုးရ နိုင်ငံခြားရေးရာဌာန၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပမည့် ၂၀၂၃ စစ်ချွမ်-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2023 Sichuan-Chongqing & Mekong Countries Sub-national Cooperation Forum) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကိုယ်စားလှယ်သုံးဦး လိုက်ပါသွားကြသည်။

**ရည်ရွယ်ကျင်းပ**

မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကို အကျိုးဖြစ်ထွန်းစေရန်၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် ချန်ဒူး-ချုံချင့်ဒေသနှင့် မဲခေါင်နိုင်ငံများအကြား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်ပြီး အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

ပေါက်ခေါင်း နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးညီလာခံ (၂၀၂၃) အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံ သံဃာဆောင်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့်နှလုံး သွေးကြောရောဂါများ ရှာဖွေစစ်ဆေးပေးခြင်းနှင့် အထွေထွေရောဂါများ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ရောဂါတွေ့ရှိမှုအပေါ်မူတည်၍ ဆေးဝါးများကို တစ်လစာအခမဲ့ပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



# “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ဟိုပန် နိုဝင်ဘာ ၂၁

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပန်လုံမြို့တွင် ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ပန်လုံမြို့ အထကကျောင်း၊ ရှူခင်းသာ သာသနာပြုကျောင်း၊ ယွန်းကျောင်းတို့သို့သွားရောက်၍ ဟိုပန်မြို့နယ်မှ ရောက်ရှိနေသော ပြည်သူများကို အားပေးစကားပြောကြားပြီး သံဃာ ခုနစ်ပါး၊ သီလရှင်အပါး ၈၀ နှင့် ပြည်သူ ၆၁၂ ဦးတို့အား ဆန် ၈၇ အိတ်၊ ဆီ ၂၈ ဖာနှင့် ငါးဘူး၊ ကြက်ဥ ၂၂ ဖာနှင့် ငါးကတ်တို့ကို ထောက်ပံ့ပေးခဲ့သည်။

အလားတူ ဟိုပန်မြို့နယ်ရှိ မုန်းကွန်ကျေးရွာ၊ နမ့်ပီးကျေးရွာတို့တွင် ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပန်လုံ(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် နိုဝင်ဘာ ၂၁

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၁

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် လာအိုပြည်သူ့တပ်မတော်မှထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲဖြစ်သူ Major General Khamphet Sisanon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာန အကြီးအကဲတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အတူ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲနှင့်အတူ ထောက်ပံ့ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တို့ပြည်သူ တို့တပ်မတော် ....

☆ ပြည်သူ့စစ်ဟာ ငါတို့ရွာလို
ကိုင်ကာဒူးလေး ဝါးချွန်လေးဖြင့်
စစ်ရေးပြကာ ဟစ်အော်ကာဖြင့်
ရွာကိုခြံခတ် ကင်းစောင့်တတ်ပြီး
ပညတ်ရုံသာမဟုတ်ပါ။

☆ နိုင်ငံသားတိုင်း တိုင်းပြည်တစ်ခု
တိုးတက်မှုကို ထုဖြင့်တည်ဆောက်
တစ်ယောက်မကျန် တွင်းပရန်ကို
တွန်းလှန်ဖြိုဖျက် ဤနှစ်ချက်သည်
ပြည့်တွက်ပြည်သူ့စစ်။

☆ ဥပမာကား ကမ္ဘာပေါ်တွင်
အမြင်နှစ်လီ ရှိနေသည့်မို့
မည်မဖော်လည်း သင်သိဆဲပ
သဲကန္တာမှာ နည်းပညာဖြင့်
ကောင်းစွာစိုက်ပျိုး ပို့ကုန်တိုးလို့
မြေမိုးသြဇာ ပြည့်စုံပါလျက်
နည်းနာနောက်ကျ တို့လူ့လုကို
သူကခေါင်းငင် စိုက်နည်းသင်။

☆ လူမျိုးပျောက်မှာ စိုးကြောက်စွာနှင့်
နေရာမဲ့မှာ မခံသာလို့
မာတင်းဖွဲ့ထန် သူ့ရှင်သန်အောင်
မကျန်တစ်ယောက် တိုင်းပြည်ဆောက်ပြီး
ဆောက်သည့်နိုင်ငံ မပျောက်ရန်လည်း
မကျန်တစ်ဖွဲ့ ကာကွယ်ခဲ့ပုံ
ချဲ့မဆိုချင် သမိုင်းတွင်လို့
မျက်မြင် ယခုဖြစ်ပါသည်။

☆ တို့မှာတစ်မူ သမိုင်းဆူအောင်
တစ်အုထုံ့ဆင်း ရန်စစ်ခင်းပြီး
တစ်မင်းတစ်ဗိုလ် စိုးမိုးလိုသူ
လူလက်တစ်ဆုပ် အစဉ်ရှုပ်လို့
ဒုက္ခဝဲမှာ ကြာကြာလေးတွဲ့
နောက်ကျန်ခဲ့စဉ် နယ်ချဲ့လက်သစ်
ဘက်စုံစစ်က အလစ်မပေး
နှောင့်ယှက်သေး၍ စစ်ရေး၊ စီးပွားရေး
နိုင်ငံရေးဟု အားဆေးသုံးခွက်
အစွမ်းထက်အောင် နေ့ဘက်မနား
ညမအားဘဲ ကြိုးစားအားထုတ်
တိုင်းကျိုးလုပ်စဉ် ပေပ်လကို
ဖမ်းသလိုပ ချိန်တိုအတွင်း
ပြန်ကာလင်းလည်း လက်ငင်းပြည်သူ
စစ်မီးပူအောင် သူပုန်သူကန်
အကောက်ကြံလည်း
ဟန်သာသက်သက် ဇောက်မနက်။

☆ အဘိုးအိုက သားလူလုကို
ပုံပြထင်းစည်း သွန်သင်ပြီးမို့
ထင်းစည်းမြင်တိုင်း သတိလှိုင်းဖြင့်
သမိုင်းမပြင် ရှိုင်းနေချင်က
နံ့တွင်ဝဲစုပ် စုံးစုံးမြုပ်မည်
လှုပ်လေမြုပ်လေ နောက်ဆုံးခြေတွင်
မြေနှင့်လူမျိုး ကွယ်မည်စိုး၍
ဆိုးသွမ်းပုန်ကန် အဖျက်ရန်မှ
ပယ်လှန်ဖြတ်ကျော် တပ်မတော်သည်
ရှည်မြော်မြင့်ထီး ထင်းပြန်စည်းရာ
စည်တီးမောင်းထု ပြည်သူ့ပြုသည့်
ထုတိသြဘာ အားပြည့်ကာဖြင့်
သေချာမလွဲ တို့အောင်ပွဲ။ ။

မျိုးသာခင်

## ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၌ မျက်မမြင်လက်စမ်းစာ အရေး၊ အဖတ် သင်တန်းဖွင့်ပွဲ ကျင်းပ



ကြည့်မြင်တိုင် နိုဝင်ဘာ ၂၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မျက်မမြင်လက်စမ်းစာ အရေး၊ အဖတ် သင်တန်းဖွင့်ပွဲ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မသန်စွမ်းကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း ဝန်ဆောင်မှုလုပ်ငန်း နယ်ပယ်အသီးသီးအတွက် အထောက်အကူဖြစ်စေရန် မျက်မမြင်ကျောင်းများမှ စာပေသင်ကြားပေးမည့် ဆရာ ဆရာမများကို အရေး၊ အဖတ် ကျွမ်းကျင်တတ်မြောက်စေရန်နှင့် ဆက်လက်သင်ကြားပေးနိုင်မည့် ဆရာ ဆရာမများ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ခုနစ်ဦး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ သုံးဦး စုစုပေါင်း သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက် မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ သင်ကြားပြသပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံအစိုးရအနေဖြင့် ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း) နယ်စပ်ဒေသတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် မြန်မာအမျိုးသားရေးကွန်ရက်မှ ဆန္ဒပြမှုများအား အနောက်အုပ်စုအားပေးမီဒီယာများက နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများအား အကြမ်းဖက်အဖွဲ့များမှ ဖမ်းဆီးထိန်းသိမ်းထားသော အခြေအနေများ၊ ၂၁-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ရှမ်းပြည်နယ်(အရှေ့မြောက်)ဒေသမှာ အွန်လိုင်းငွေလိမ်လည်မှုပြဿနာများနဲ့ပတ်သက်ပြီး တရားမဝင်ဝင်ရောက်နေထိုင်သည့်လူများ ရှာဖွေဖော်ထုတ်တာတွေ၊ ဖမ်းဆီးတာတွေ၊ လွှဲပြောင်းပေးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၂၁ ရက်နေ့မှာလည်း တရုတ်နိုင်ငံသား အမျိုးသား ၁၈၁၆ ဦး၊ အမျိုးသမီး ၄၃ ဦး ပေါင်း ၁၈၅၉ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရထံ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့မှ ယနေ့အထိ တရားမဝင် ဝင်ရောက်နေထိုင်သူ အမျိုးသား ၁၇၃၃ ဦး၊ အမျိုးသမီး ၁၈၅ ဦး စုစုပေါင်း ၃၉၁၈ ဦး လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှုကိစ္စတွေဟာ ကျွန်တော်ခဏခဏပြောသလို မြန်မာနိုင်ငံက တရုတ်နိုင်ငံကို လိမ်လည်တာလည်းမဟုတ်ဘူး။ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို လိမ်လည်တာလည်းမဟုတ်ဘူး။ ပြည်ပြေးရာဇဝတ်မှုကျူးလွန်ထားတဲ့ ရာဇဝတ်သားတရုတ်တွေက မြန်မာနိုင်ငံနယ်စပ်မှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး နှစ်နိုင်ငံစလုံးကို လိမ်နေတာဖြစ်ပါတယ်။ နှစ်နိုင်ငံ ပြည်သူပြည်သားအားလုံးကို လိမ်လည်တာဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးနစ်နာရတာ ဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး အမြစ်ပြတ်ချေမှုန်းနိုင်ရေး ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေတာကို ပြည်ဖျက်မီဒီယာတွေပေ့ါ။ အဓိကတော့ အနောက်နိုင်ငံတွေက ထောက်ပံ့ထားတဲ့ မီဒီယာတွေအနေနဲ့ မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပြည်သူလူထုအကြား အထင်အမြင်လွဲစေရေး ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒီအထဲမှာတရုတ်ကလိုချင်တဲ့ သူတွေမပါတဲ့အတွက် မြောက်ပိုင်းအဖွဲ့တွေက ဆက်တိုက်နေတယ်ဆိုတဲ့၊ တိုက်ပွဲတွေဆင်နွှဲနေတယ်ဆိုတဲ့ ပုံစံတွေဒါတွေသည် နှစ်နိုင်ငံဆက်ဆံရေးမှာ အထူးသတိပြုရမယ့် အချက်တွေဖြစ်ပါတယ်။ သူတို့လိုချင်တာက နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ပျက်စီးစေရေးရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီရက်ပိုင်းတွေအတွင်းမှာ မြန်မာအမျိုးသားရေးကွန်ရက်အနေနဲ့ ရှမ်းပြည်နယ်မြောက်ဘက်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေအပေါ်မှာ ဆန္ဒပြတာတွေရှိပါတယ်။ ဒါကိုလည်း နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားစေရေးအတွက် အနောက်အုပ်စုအားပေးမီဒီယာများက ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ ဒီနေရာမှာသတိထားစရာကောင်းတဲ့ အချက်ကတော့ MNDAA အကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုတွေကို အဓိက မြန်မာနိုင်ငံထဲမှာသတင်းဖြန့်ပေးနေတာက အနောက်နိုင်ငံရဲ့အထောက်အပံ့နဲ့ ရပ်တည်နေတဲ့သတင်းဌာနတွေက အဓိကဖြစ်နေကြောင်း တွေ့ရပါတယ်။ ထပ်ပြီးထူးခြားမှုရှိတာက ဒီအကြမ်းဖက် MNDAA ရဲ့ တရုတ်ဘာသာနဲ့ရေးသားတဲ့ သတင်းတွေ၊ Website တွေမှာတောင် မတင်သေးဘူး။ အနောက်အားပေးနိုင်ငံတစ်ခုမှာရှိနေတဲ့ အနောက်နိုင်ငံတွေရဲ့ ထောက်ပံ့မှုနဲ့ရပ်တည်နေတဲ့ မီဒီယာမှာ ဦးစွာပါလာတာတွေ့ရပါတယ်။ ပြီးရင် MNDAA အဖွဲ့နဲ့ ချိတ်ဆက်ပြီးတော့ သတင်းတွေကို တင်နေတာလည်း တွေ့ရပါတယ်။ MNDAA အဖွဲ့မှာလည်း သတင်းပြန်ကြားရေးအဖွဲ့ရှိပါတယ်။ အဲဒီသတင်းပြန်ကြားရေးအဖွဲ့နဲ့လည်း တိုက်ရိုက်ချိတ်ဆက်ပြီးလုပ်ဆောင်နေပါတယ်။ ဒါတွေက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတွေမှာ အဓိကထားဂရုပြုရမယ့်အချက်တွေဖြစ်ကြောင်း




တွေ့ရှိရပါတယ်။

နောက်တစ်ခုက လွိုင်ကော်တက္ကသိုလ် ဆရာ ဆရာမတွေကိစ္စပါ။ ဒီနေ့မှာ လွိုင်ကော်တက္ကသိုလ် ဆရာ ဆရာမတွေကိစ္စနဲ့ပတ်သက်ပြီး အကြမ်းဖက် KNPP အဖွဲ့အနေနဲ့ ဗီဒီယိုဖိုင်တွေတင်၊ ကြေညာချက်တွေထုတ်ပြီးတော့ သူ့ဆီမှာရှိတဲ့အကြောင်း ပြောကြားနေတာ၊ ဝါဒဖြန့်နေတာတွေ့ရပါတယ်။ ဖြစ်စဉ်အမှန်ကတော့ လွိုင်ကော်တက္ကသိုလ်ထဲဝင်ပြီးတော့ ဆရာ ဆရာမတွေကို ဖမ်းဆီးခေါ်ဆောင်သွားတာဖြစ်ပါတယ်။ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ သတင်းကြားရတဲ့နေရာမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာရှုတ်ချကန့်ကွက်ခဲ့ပါတယ်။ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့တဲ့ အတွက်ကြောင့် ဒီဖိအားတွေ၊ ဒီလိုမျိုးတက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ရှုတ်ချခဲ့တဲ့ အဖွဲ့တွေကြောင့် သူတို့အနေနဲ့ ဒီအချိန်မှာ ဖမ်းဆီးခေါ်ဆောင်သွားတာကို ဖုံးကွယ်တဲ့အနေနဲ့ ထိန်းသိမ်းထားတယ်ဆိုတဲ့ပုံစံမျိုး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဗီဒီယိုဖိုင်တွေမှာလည်း ပြောခိုင်းတဲ့စကားတွေ ပြောနေရတယ်ဆိုတာလည်း တွေ့နိုင်မှာဖြစ်ပါတယ်။ မျက်နှာအနေအထားတွေကြည့်ရင်လည်း တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးသတိထားစရာကောင်းတဲ့ တွေ့ရှိချက်က ပြည်ဖျက်မီဒီယာများအနေနဲ့ NUG၊ PDF အမည်ခံအဖွဲ့တွေရဲ့ ကျောင်းတွေဖျက်ဆီးမှု၊ အခုလွိုင်ကော်တက္ကသိုလ်မှာဆိုရင် ဆရာ ဆရာမတွေ ဖမ်းဆီးခေါ်ဆောင်သွားမှု၊ တက္ကသိုလ်အဆောက်အအုံထဲမှာဝင်ပြီး ပစ်ခတ်တိုက်ခိုက်ခဲ့မှု၊ ဆရာမတချို့ကိုသတ်ဖြတ်သွားခဲ့မှု၊ ဒါတွေနဲ့ပတ်သက်ပြီး ထူးဆန်းစွာပဲ နှုတ်ဆိတ်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီနေ့ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေက ပြည်တွင်းမှာရှိနေတဲ့ ပြည်ဖျက်၊ ပြည်ပမှာရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေ ပူးပေါင်းပြီး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ သူတို့ပြောနေတဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့ အရာမျိုးကိုဦးတည်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်သိစွာနဲ့ ရှုတ်ချခဲ့တဲ့ အဖွဲ့အစည်းအသီးသီးကိုလည်း ဒီနေရာကနေ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ထိန်းသိမ်းခံထားရတဲ့ ဆရာ ဆရာမတွေနဲ့ပတ်သက်ပြီး တစ်စုံတစ်ခု ထိခိုက်နစ်နာမှုရှိခဲ့ရင် ဖမ်းဆီးထိန်းသိမ်းထားတဲ့အဖွဲ့က တာဝန်ယူပြီးတာဝန်ခံရမယ်၊ ကြီးလေးတဲ့ပြစ်ဒဏ်ခံရမယ်ဆိုတာကို ပြောလိုပါတယ်။

ဒီနေ့ ထိတွေ့တိုက်ပွဲအခြေအနေတွေအနေနဲ့ကတော့ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း) နမ့်စလပ်နဲ့မုန်းကျက်မှာ MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ အင်အားအလုံးအရင်းသုံးပြီး တိုက်ခိုက်နေတာရှိပါတယ်။ အဲဒီအဖွဲ့တွေအနေနဲ့ အကျအဆုံးများစွာရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒီမှာ တိုက်ပွဲဝင်နေတဲ့ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ မိခိုသူရဲမေများအားလုံးကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများအားလုံးက အထူးဂုဏ်ပြုလေးစားပါကြောင်း ပြောကြားလိုပါတယ်။ ရဲဘော်၊ ရဲမေတို့ဆင်နွှဲနေတဲ့ နိုင်ငံတော်ကာကွယ်ရေး၊ နယ်မြေလုံခြုံရေး တရားသောစစ်သည် အောင်မြင်ရမှာဖြစ်ပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေမှာတော့ ပေါက်တောမြို့မှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြန်လည်ထိန်းချုပ်ခဲ့တာ ရှိပါတယ်။ ဒီနေ့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပေါက်တောမြို့လုံခြုံရေးအတွက် ကင်းလှည့်လည်ခဲ့ပါတယ်။ ကင်းလှည့်လည်တာကို ပစ်ခတ်ခဲ့တာရှိပါတယ်။ နောက်တစ်ခုကတော့ ကျောက်တော်မှာရှိနေတဲ့ ပြည်သူလူထုအသုံးပြုနေတဲ့ ရေယာဉ်တွေဖြစ်တဲ့ ရေနယား(၁)ရေယာဉ်နဲ့ ရေဘဝဲ(၄) ရေယာဉ်တွေကို AA အနေနဲ့ အကြမ်းဖက်ယူဆောင်သွားကြောင်း သိရပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ အရင်နေ့က ဖြစ်နေတဲ့ အကျဉ်းထောင်ကို လာရောက်ပစ်ခတ်ခဲ့တာမျိုးတွေ ရှိနေပါတယ်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေမှာပဲ လောက်ကိုင်အနီးတစ်ဝိုက်မှာ အဝေးကနေပစ်ခတ်ခဲ့တာရှိတယ်။ လောက်ကိုင်မြို့ထဲကို ၁ဂ၇ မီလီမီတာ ရှော့တိုက်ဒုံးနဲ့ အကြောင်းမဲ့ပစ်ခတ်ခဲ့တာရှိပါတယ်။ လူနေအဆောက်အအုံတွေအထဲကို ပစ်ခတ်ခဲ့ခြင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ကလေးလေဆိပ်လေယာဉ်ပြေးလမ်းပေါ်မှာ Drone နဲ့ Drop Bomb ချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ လမ်းတံတားတွေ၊ ပြည်သူပိုင်အဆောက်အအုံတွေ၊ ပြည်သူပိုင်ရေယာဉ်တွေကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒီကိစ္စမှာ ကျွန်တော်တို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသိရှိထားရမှာက သောင်းကျန်းသူတွေရဲ့ ရည်ရွယ်ချက်က စစ်ဘက်နဲ့သက်ဆိုင်တဲ့နေရာတွေကို တိုက်ခိုက်တာထက် ပြည်သူလူထုနဲ့သက်ဆိုင်တဲ့နေရာတွေ၊ ပြည်သူပိုင်နေရာတွေကို အဓိကထားတိုက်ခိုက်နေတာဖြစ်တယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ အခုဖြစ်ပွားနေတဲ့ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း) အချို့နယ်မြေတွေက ရှမ်းလူမျိုးတွေအများဆုံးနေထိုင်တဲ့ နယ်မြေတွေဖြစ်ပါတယ်။ TNLA၊ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ မြို့ရွာတွေကို တိုက်ခိုက်တယ်။ မြို့ရွာအနီးအနားမှာရှိတဲ့ စခန်းတွေကိုတိုက်ခိုက်တယ်။ ပြီးရင် အစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ ရှမ်းလူမျိုးတွေပိုင်ဆိုင်တဲ့ အိမ်တွေ၊ နေရာတွေမှာ ဝင်ရောက်နေရာယူတယ်။ အဲဒီအထဲကနေ တပ်စခန်းတွေကို တိုက်ခိုက်တာမျိုးတွေ တွေ့ရပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာရှမ်းလူမျိုးတွေအနေနဲ့လည်း ရှမ်းပြည်နယ်မှာရှိတဲ့ အဖွဲ့အစည်းတွေနှုတ်ဆိတ်နေတာကို စတင်ပြီးကန့်ကွက်တာတွေ၊ သဘောထားထုတ်ဖော်ပြောကြားလာတာတွေကို တွေ့ရပါတယ်။ ဒါတွေက တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံးနဲ့ သက်ဆိုင်တာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့အစည်း၊ NUG၊ PDF အဖွဲ့အစည်းဆိုတာက အစောပိုင်းကပြောခဲ့တဲ့ သူတို့အာဏာရရှိရေးနဲ့ မြန်မာပြည်ကိုအလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပြီး ဆန့်ကျင်ချေမှုန်းရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

## ရန်ကုန်တွင်ပေါ်တာဆွဲခြင်း မရှိ၊ လတ်တလောသတင်းများ အမှားဖြစ်၍ ပြည်သူများ စိတ်ပူရန်မလိုဟုဆို

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တွင်ပေါ်တာဆွဲခြင်း မရှိ၊ လတ်တလောသတင်းမှာ အမှားဖြစ်၍ ပြည်သူများ စိတ်ပူရန်မလိုကြောင်း စုံစမ်းသိရှိရသည်။

**ပေါ်တာဆွဲတယ်ဆိုတာ မဟုတ်**

"ဒီလိုအချိန်မှာ သတင်းတွေကို ကောလာဟလဖြန့်နေကြတာပါ ပေါ်တာဆွဲတယ်ဆိုတာ မဟုတ်ဘူး။ ပြည်သူတွေ စိတ်ပူဖို့မလိုဘူး ဆိုတာပြောချင်တယ်"ဟု တာဝန်ရှိသူက ပြောသည်။

လူမှုကွန်ရက်တွင် ပေါ်တာဆွဲနေသည်ဆိုသော သတင်းများပျံ့နှံ့နေသောကြောင့် ညပိုင်းအချိန်တွင် လူသွားလူလာ နည်းပါးနေကြောင်း မြို့ခံများက ပြောသည်။

"ကျွန်တော်တို့မြို့နယ်မှာ ပေါ်တာဆွဲတယ်ဆိုလို့ လူငယ်လေးတွေ အပြင်မထွက်ကြဘူး။ ဒါပေမဲ့ ဘယ်မှာပေါ်တာဆွဲလဲလို့မေးရင်လည်း တိတိကျကျ ဘယ်သူမှ မပြောနိုင်ဘူး။ ဒါကြောင့် ကျွန်တော်ကတော့ လက်လှမ်းမီသလောက် ဒီသတင်းဟာ အခြေအမြစ်မရှိတာဖြစ်လို့ မယုံကြဖို့ ပြောပြပါတယ်"ဟု ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

**ကောလာဟလ ပြန့်ခဲ့**

မကြာသေးမီကလည်း ဘဏ်များနှင့်ပတ်သက်သည့် ကောလာဟလသတင်း၊ တက္ကသိုလ်ကျောင်းသားများ စစ်သင်တန်းတက်ရမည်ဆိုသော သတင်းများ ကောလာဟလ ပြန့်ခဲ့သေးသည်။

**မျိုးခိုင်**

# ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ မိသားစုဝင်များကို ကယ်ထုတ်သွားခဲ့ကြောင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၁**

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်ရေးနှင့်မသက်ဆိုင်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ မိသားစုဝင်များကို ၎င်းတို့အနေဖြင့် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီးနောက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန် ဝါဒဖြန့်သတင်းများ ထုတ်ပြန်လျက်ရှိသည်ကို တွေ့ရှိရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် လွိုင်ကော်တက္ကသိုလ်ကို အင်အားအလုံးအရင်း အသုံးပြုဝင်ရောက်တိုက်ခိုက်ခဲ့ချိန်တွင် ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ မိသားစုဝင်များအား CDM မပြုလုပ်သည့်အတွက် သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကာလူသားတံတိုင်းအဖြစ်အသုံးပြုရန် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသာဖြစ်ပြီး ဆရာ ဆရာမ အချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၎င်းတို့၏လုပ်ရပ်ကြောင့် သင်ကြားရေး အထောက်အကူပြု အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၃ ရက်တွင် အဆိုပါတက္ကသိုလ်၌ စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရသဖြင့် ကျောင်းသား ကျောင်းသူများအတွက် ထိခိုက်နစ်နာမှုများစွာကို ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိရသည်။

၎င်းတို့အနေဖြင့် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ မိသားစုဝင်များအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းကို ကယ်ထုတ်ခဲ့သည်ဟူ၍လည်းကောင်း၊ ကောင်းမွန်စွာဖြင့် ထိန်းသိမ်းထားရှိသည်ဟူ၍လည်းကောင်း ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်၍ ၎င်းတို့အလိုကျ အကွက်ဆင်ပြောဆိုရိုက်ကူးထားသည့် Video file ကိုအသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသည့် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် နိုဝင်ဘာ ၂၀ ရက်တွင် မဟုတ်မမှန် ဝါဒဖြန့် ထုတ်ပြန်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ မိသားစုဝင်များအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ရေး လိုအပ်သည်များကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမအချို့အား ရက်စက်စွာသတ်ဖြတ်ထားရှိမှုအား အွန်လိုင်း အထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။




KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများနှင့် မိသားစုဝင်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး အွန်လိုင်းပေါ်တွင် ကယ်တင်ခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့် အသုံးပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်တိုက်ခိုက်မှုကြောင့် ပညာရေးဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးရမှုများကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှ တစ်ဆင့် တွေ့မြင်ရစဉ်။



KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများနှင့် မိသားစုဝင်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး အွန်လိုင်းပေါ်တွင် ကယ်တင်ခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်အသုံးပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန် ဝါဒဖြန့်သတင်းများ ထုတ်လွှင့်နေမှုကို တွေ့မြင်ရစဉ်။

# တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်လျက်ရှိသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ


နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ရှိ စခန်းသစ်လုံခြုံရေးစခန်းအား TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တိုက်ခိုက်လျက်ရှိပြီး တပ်မတော်မှ နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တပ်မတော်မှ အဆိပ်ငွေ့ ဗုံးများဖြင့် တိုက်ခိုက်လာခဲ့သည်ဟု TNLA အဖွဲ့မှ မဟုတ်မမှန် သတင်းထုတ်ပြန်ချက်တစ်ခုကို Online မီဒီယာများတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ TNLA အဖွဲ့၏ မဟုတ်မမှန်ကြေညာချက်အား ခေတ်သစ်မီဒီယာအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများ၌ ဖော်ပြမှုများ ပြုလုပ်၍ သတင်းအမှားများကို အသီးသီးထုတ်လွှင့်ခဲ့ကြသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများအား မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးဆောင်ရွက်ရာတွင် ထိရောက်သော လက်နက်ကြီးပစ်ကူဖြင့် တပ်မတော်သားများ၏ ရှပ်ရှပ်ချွံချွံတိုက်ခိုက်မှုများကြောင့် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကျအဆုံးများလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ်မရှိကြတော့သဖြင့် အဆိပ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန် လုပ်ကြံ၍ ပြည်ဖျက်မီဒီယာများအားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့် နယ်မြေဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**










# နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာအနီးသို့ နိုဝင်ဘာ ၁၉ ရက် ည ၁၁ နာရီခန့်တွင် တပ်မတော်မှလေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရကြောင်းကို လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန်သတင်းမှားများ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာအနီး၌ ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး တပ်မတော်မှအဆိုပါဖြစ်စဉ်နေရာသို့ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် တပ်မတော်နှင့် ပြည်သူပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေး ဆောင်ရွက်နေမှုများကို မလိုလားသည့် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးကွဲစေရန် ရည်ရွယ်ချက်ဖြင့် သတင်းအမှား၊ သတင်းအတုများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ရေတာရှည် နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၂၀၂၃ ခုနှစ် ပြည်သူ့ကျန်းမာရေးညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဌာနအနေဖြင့် "လူတိုင်းအသက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒာညီဆွေဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည်။



အဆိုပါ အငြိမ်းစားဝန်ထမ်းများအား သွေးချိုစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ပေးခြင်းများ ဆောင်ရွက်ပြီး ကျန်းမာရေးစစ်ဆေးပေးကာ လိုအပ်သောဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရေတာရှည်(ပြန်/ဆက်)**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၈၁၆ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၁၈၅၉ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၃၇၃၃ ဦး၊ အမျိုးသမီး ၁၈၅ ဦး စုစုပေါင်း ၃၉၁၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က အမရပူရမြို့နယ် (၆၇)လမ်းနှင့် ၁၄၆(F)လမ်းထောင့်၊ အမှတ်-၂၉ (E)ရှိ ဂိုဒေါင်အား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Justus Beer ဘူး ၄၃၂၀၊ Maximus Beer ၄၈၂၄ ဘူးနှင့် Esse စီးကရက်အတောင့် ၇၅၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

**သိမ်းဆည်းအရေးယူ**

ထို့အပြင် နိုဝင်ဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင် စားသုံးဆီ တစ်လီတာပါ ဘူး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀)ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၆၈ တန်၊ အခြားသစ် သုည ဒသမ ၅၀၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၃၂)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၂၃၂)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Toys (ကလေးကစားစရာအရုပ်များ) ကီလိုဂရမ် ၁၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် စီးကရက်ကုန်ကြမ်း Tipping Paper ၁၂ လိပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)ကို လည်းကောင်း၊ ထီးတန်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Yokoshima ရေစုပ်စက်အလုံး ၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၃၇၀၀၀)ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိသည့် မြေတူးစက် Drilling Machine (Used) ၄၂ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၇၆၇၁၄)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Mydot Tablets အားဆေး ၁၀၀၈ ဘူး အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၅၇၅၀၀၈)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Khian Guan ဘီစကွတ်ဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၉၂၈၇၂၂)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၀ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၀၈၆၉၅၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- **၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် တေဇူဂုဏ်သုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ခုံးဆီက...လက်ခတ်သံ
- **၀၉:၁၅** ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၁၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၁:၃၀** ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဆေး**' (အပိုင်း-၂၀)
- **၁၃:၀၀** သီချင်းကြိုးပဒေသာ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်**' (အပိုင်း-၁၃)
- **၁၅:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း**' (အပိုင်း-၆၅)
- **၁၆:၃၅** မျိုးရိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- **၁၇:၂၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- **၁၇:၃၅** မွေးမြူမှုအရွေ့မှသည်...SME သို့ရည်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) '**ဝက်ရှင်**'
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဆေး**' (အပိုင်း-၂၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်ပဟာ '**စန္ဒကိန္နရီဇာတ်တော်**'
- **၂၁:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်**' (အပိုင်း-၁၅)

**mitv**

- **07:01** Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- **07:08** Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-1)
- **07:28** Mandalay, The Golden City
- **07:34** Discovering Tribes "Rvwang" Their Life and Customs (Part-1)
- **08:01** News
- **08:26** Kalaw Tazaungdaing Festival
- **08:35** Nature's Progeny Town: December Garden
- **09:01** Pride of Myanmar - Bagan arts and handicrafts
- **09:16** Toddy Palm Product Shop
- **09:28** Artist Life: Designer May Myat Waso
- **09:50** A Nun's Creation in Fruit Carving
- **10:01** News

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
အရသာကျော်မော်ဒေါက်ဆွဲကဘားကြော်

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
တို့ဟူးဖြူပြုလုပ်နည်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
တောင်ယာထမင်းဟင်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဂေဟာစနစ်မပျက်ယွင်းကချင်ပြည်နယ်က အင်းတော်ကြီး

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဒီးကူနှင့်စည်းလုံးခြင်း

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ခနီပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
မုလအီ(အပိုင်း-၂)

**ချင်း(ဖလမ်း) (၂၁:၀၀ မှ ၂၂:၀၀)**
ကြက်သားနှင့်ပိန္နဲသီးချက်နည်း

**ချင်း(ဒိုင်) (၂၂:၀၀ မှ ၂၃:၀၀)**
တိုးတက်မြင့်တင်ချင်းတောင်တန်းက စိုက်ပျိုးစီးပွားအသွင်အပြင်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၄၅** SPORTS MAX
- **၁၀:၄၅** စူးစမ်းရှာဖွေရေးဟောင်းအမွေ
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ဖြူဝင်သောစိတ်ထား**'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၁၀)
- **၁၈:၀၀** Economic Review (အပိုင်း-၂၉) "စီးပွားရေးရှုထောင့်မှ အလုပ်သမားကဏ္ဍ"

**MRTV FARMERS' Channel**

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း
- **၀၆:၁၅** မိုးရေကိုရှေ့လိုစု လူပြုတဲ့သည်ဆည်ကန် ကျိုင်းခမ်းရေလှောင်တမံ
- **၀၆:၄၀** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၁၈:၀၀** Haunted Mansion 2023 (နိုင်ငံခြားဇာတ်လမ်း)
- **၂၂:၀၀** Hocus-Pocus.2.2022 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၃၅** ဘောလုံးအခြေခံအားကစားနည်းစနစ်များ (အလယ်တန်း)

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ကလေးသူငယ်တွေ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍပေါင်းစုံမှာ တိုးတက်ဖွံ့ဖြိုးလာစေဖို့အတွက် အသိပညာ၊ ဗဟုသုတတွေကို လက်တွေ့ကျကျ တကယ့်ဖြစ်ရပ်မှန်တွေကို ရေးသားထားတာဖြစ်ပါတယ်

ဝတ်ရည်ခင် (ပဲခူး)

တွေ့ဆုံမေးမြန်း - လင်းရာမ
ဓာတ်ပုံ - ကိုထက်

ရန်ကုန် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဘာသာရပ် – အင်္ဂလိပ်ဘာသာ(သုတ)
စာရေးသူ – Win Thein
စာအုပ်အမည် – My Anthology of Nation– Building Endeavours

လွန်ခဲ့တဲ့နှစ် ၂၀ ခန့်ကပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးမဂ္ဂဇင်းမှာ စာတည်းမှူးချုပ် တာဝန်ခြောက်နှစ်ခန့် စာပေတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီမဂ္ဂဇင်းဟာ ဌာနလုပ်ငန်းအကျိုးကိုဆောင်သကဲ့သို့ စာပေဖွံ့ဖြိုးရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုခဲ့ပါတယ်။ အဆက်မပြတ်ရေးသားလာခဲ့တဲ့ ဒီမဂ္ဂဇင်းမှာ စာရေးသူဟာ အဖော်ပညာသင်တန်းဆိုင်ရာ သင်ကြားရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ထောက်ပံ့ရေး၊ သုတေသနနဲ့ ဖွံ့ဖြိုးရေးတို့ကို ကိုယ်တိုင်နေ့စဉ်ထိတွေ့ ဆောင်ရွက်နေရသူဖြစ်ရာ စာရေးသူရဲ့ နေ့စဉ်ဘဝခံစားချက်တွေထဲမှာ အကြီးအကဲတစ်ယောက်ရဲ့ တာဝန်နဲ့အတူ စေတနာကြီးမားထက်သန်ပြီး ဒီစေတနာတရားဟာ စာမျက်နှာတွေပေါ်သို့ စာပေလက်ရာအဖြစ်ပေါ်ထွန်းလာခဲ့ပါတယ်။ စာဖတ်ဝါသနာနှစ်ပေါင်းများစွာဆည်းပူးလာခဲ့သူရဲ့ အထုံပါရမီဟာ နှစ်ကာလကြာတာနဲ့အမျှ ဗဟုသုတဝမ်းစာဖြစ်လာခဲ့ပါတယ်။ စာရေးသူရဲ့စာတွေဟာ မဂ္ဂဇင်းတွေမှာ ပြန့်ကျဲနေရာ(အင်္ဂလိပ်+မြန်မာ)မှ တစုတစည်း၊ "စာတစ်စောင်ပေတစ်ဖွဲ့" ဖြစ်သင့်ရှိသင့်တာ အမှန်ပင်ဖြစ်လို့ ဒီစာအုပ်အား ထုတ်ဝေခဲ့ခြင်းဖြစ်ပါတယ်။ ဒီစာအုပ်မှာ ဆောင်းပါး ၃၈ ပုဒ်ပါပါတယ်။ အကျဉ်းအားဖြင့် နှစ်ပေါင်း ၄၀ ကျော် နိုင်ငံ့ဝန်ထမ်း လုပ်ငန်းအတွေ့အကြုံတွေမှ ရေကြောင်းပညာဆိုင်ရာ ပညာရေးနဲ့ လေ့ကျင့်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေအရင်းအမြစ်နဲ့ ရေထုညစ်ညမ်းမှုတွေ ကာကွယ်စောင့်ရှောက်ရေး၊ ရေကြောင်းကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊ မြစ်ချောင်းတွေ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ပါဝင်ပါတယ်။

အရာရှိငယ်ဘဝက သတင်းစာတွေမှာ ဆောင်းပါး စတင်ရေးသားခဲ့ပါတယ်။ သပြေမဂ္ဂဇင်းမှာ ဝတ္ထုတိုစတင်ရေးသားခဲ့ပါတယ်။ ၁၉၈၀ ခုနှစ်မှာ Burma Research Congress "Computer Analysis Of Tidal Records Of Ports Along The Burma Coast"သုတေသနစာတမ်းကို ရေးသားဖတ်ကြားတင်ပြခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ရန်ကုန်မြို့ UNDP ရုံးမှာ ကျင်းပခဲ့တဲ့ "High Level Coference On Disaster Management" ကွန်ဖရင့်မှာ ဘေးဒုက္ခကပ်စီမံခန့်ခွဲမှု ရေတိုကာလ (၅ နှစ်အောက်) ရည်မှန်းချက်များ အကျဉ်းချုပ် (Summary Of Objectives) စာတမ်းကို ရေးသားဖတ်ကြားတင်ပြခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ကင်ညာနိုင်ငံ UNEP ရုံးက မြန်မာနိုင်ငံရှိ UNDP ရုံးမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင် (National Commission For Environ Mental Affairs –NCEA) အဖွဲ့၊ ကော်မတီဝင်ဖြစ်သူ မိမိကို မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ၂၁ ရာစုအစီအစဉ် (Myanmar Agenda 21) ရေးဆွဲရန် (National Workshop )ကို ရန်ကုန်မြို့ ဆီဒိုးနားမှာ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကာ (Myanmar Agenda 21) စာစောင်ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စာစောင်ရေးသားပြုစုခြင်း အတွက် UNDP မှဂုဏ်ပြုဆုငွေ အမေရိကန် ဒေါ်လာ ၅၀၀၀ ချီးမြှင့်ခြင်းခံရပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံမှာ Mekong River Commission မှ ကျင်းပပြုလုပ်တဲ့ "Workshop On Mekong River Basin Diagnostic Study" မှာ မိမိရေးသားခဲ့တဲ့ "Environmental Value Papkr" စာတမ်းကို ဂုဏ်ပြုဆုငွေ အမေရိကန် ဒေါ်လာ ၅၀၀၀ ချီးမြှင့်ခြင်းခံရပါတယ်။ အာရှတိုက်ရှိ ရေကြောင်းပညာနဲ့ ငါးလုပ်ငန်းတက္ကသိုလ်များဖိုရမ် ဆွေးနွေးပွဲ (Asia Maritime And Fisheries Universities Forum–AMFUF)တွေမှာ ဖတ်ကြားတင်သွင်းခဲ့တဲ့ သုတေသနစာတမ်း ငါးစောင်၊ နိုင်ငံတကာအဆင့် ထုတ်ဝေခြင်း (International Publications) အနေနဲ့ အသီးသီးထုတ်ဝေဖော်ပြခြင်းခံရပါတယ်။ မြန်မာဘာသာဖြင့် ဆောင်းပါး၊ စာတမ်း ၃၃ စောင်၊ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါး၊ စာတမ်း ၃၈ စောင် ရေးသားခဲ့ပြီးဖြစ်ပါတယ်။ လောလောဆယ် စာပေ



သီရိပျံချီ
ဒေါက်တာဝင်းသိမ်း



စာရေးဆရာမ ဝတ်ရည်ခင်
(ပဲခူး)

လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ သုတမျှဝေခြင်း (Knowledge Sharing)လုပ်ငန်းတွေကိုသာ ဆောင်ရွက်နေပါတယ်။ အလွန်တရာမှပင် ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်က အသိအမှတ်ပြုခြင်းခံရသဖြင့် စိတ်ခွန်အားတက်ရပါတယ်။ "You Reap What You Sow" ဆိုသည့်စကားက သက်သေပြနေပါတော့တယ်။ "တန်ဆေးလွန်ဘေး"(Medication If Moderate Harmful If Excessive) ဆိုရိုးစကားအတိုင်း တစ်ဖက်စွန်းမရောက်ကြစေဖို့ မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်။ လူငယ်တွေအနေနဲ့ ယနေ့ဒစ်ဂျစ်တယ်နည်းပညာဟာ တစ်နေ့တခြား တိုးတက်မြင့်မားလာနေတာဖြစ်ရာ ပညာရှာဖွေလေ့လာရာမှာ ဖြူစင်သန့်ရှင်းစွာဖြင့် အပြုသဘောဆောင်ကာ စာပေတွေကို ဖတ်ရှု၊ မှတ်သား၊ ပြုစု၊ မျှဝေကြပါလို့ အလေးအနက် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါတယ်ဟု ပြောသည်။

သီရိပျံချီ ဒေါက်တာဝင်းသိမ်းသည် ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် မိဘနှစ်ပါးဖြစ်သူ တိုးတက်ရေး ဦးသိမ်း (လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်) နှင့် ဒေါ်မမလေး (လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်) တို့မှ ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ St. Paul's High School ကျောင်း၌ ၁၉၆၅ ခုနှစ် အထက်တန်းပညာသင်ယူပြီးဆုံးချိန်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) ၌ ဗိုလ်လောင်းအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး မေမြို့ (ပြင်ဦးလွင်) စစ်တက္ကသိုလ်တွင် လေ့ကျင့်ပညာသင်ယူခဲ့သည်။ ၁၉၆၅–၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကိုရရှိခဲ့ပြီး တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် အထက်တန်းရေ့နေသင်တန်း၊ ၁၉၇၈–၁၉၇၉ ခုနှစ်တွင် ဂျပန်နိုင်ငံ အဏ္ဏဝါဗေဒသင်တန်း၊ ၁၉၇၉ ခုနှစ်တွင် တက္ကသိုလ်များ၊ ကွန်ပျူတာ အစီအစဉ်သင်တန်းများ တက်ရောက်အောင်မြင်ခဲ့သည်။

တပ်မတော် (ရေ) တွင် တာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးအဆင့်ဖြင့် ၁၉၈၄ ခုနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရေလမ်းထိန်းသိမ်းရေးညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဗဟိုစာရင်းအင်းအဖွဲ့၌ အဆင့်မြင့်ကွန်ပျူတာစီမံခန့်ခွဲရေးသင်တန်းကို တက်ရောက်ခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ရေလမ်းထိန်းသိမ်းရေးဦးစီးဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ၁၉၉၈ ခုနှစ်တွင် ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းအုပ်ကြီး၊ ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်များ ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် မိသားစုနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

**ဘာသာရပ် – ကလေးစာပေ**
**စာရေးသူ – ဝတ်ရည်ခင် (ပဲခူး)**
**စာအုပ်အမည် – မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ**

အမျိုးသားစာပေဆုရရှိတဲ့ စာအုပ်က ၂၀၂၀ စာပေဗိမာန်စာမူဆု ကလေးစာပေပထမဆုရရှိတဲ့စာအုပ်ဖြစ်ပါတယ်။ မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ စာအုပ်ပါ။ ဒီစာအုပ်လေးက ကျွန်မရဲ့ကိုယ်တွေ့ခံစားချက်လေးတွေကို ရေးသားထားတာဖြစ်ပါတယ်။ ကျွန်မမှာ သားနှစ်ယောက်ရှိပါတယ်။ သားတို့ငယ်ငယ်တုန်းက အသက် ၁၀ နှစ်ဝန်းကျင်လောက်မှာ တွေ့ကြုံခဲ့ရတာတွေကို ရင်ထဲမှာမှတ်သားထားပြီး နိုင်ငံအတွင်းမှာရှိကြတဲ့ အနာဂတ်ကလေးတွေကို အသိပညာလေးတွေ ပေးချင်မိတယ်။ အမှားတွေကို သင်ခန်းစာယူစေချင်ပါတယ်။ ဘက်စုံစာရိတ္တပိုင်းကအစ လိမ္မာယဉ်ကျေးစေချင်တာ အဓိကပါ။ စိတ်ထားကောင်းရင် စာကောင်းထွက်တယ်ဆိုတဲ့စကားအတိုင်း ကလေးတွေကို အသိပညာပေးချင်တဲ့ဆန္ဒတွေက အလွန်များနေတော့ စာအုပ်လေးရေးမိပြီး စာပေဗိမာန်စာမူမှာ ဝင်ပြိုင်ဖြစ်တာပါ။ အချိန် ခြောက်လလောက်ပေးပြီး ရေးသားခဲ့ရပါတယ်။ စာအုပ်ပါအကြောင်းအရာလေးတွေကတော့ ရသစုံပါတယ်။ ကလေးတွေဖတ်ရင် အကျိုးကျေးဇူးတွေ အများကြီး ရရှိမှာပါ။

ကလေးတွေ နိုင်ငံနဲ့လူမျိုးကို ချစ်ခင်မြတ်နိုးစိတ်၊ အမျိုးဂုဏ် မိသားစုဂုဏ်ကို စောင့်ထိန်းလိုစိတ်တွေ၊ ပညာကို မြတ်နိုးစွာတန်ဖိုးထားသင်ယူလိုစိတ်တွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်၊ သစ်တောသစ်ပင်တွေကို ချစ်ခင်တဲ့စိတ်တွေဖြစ်ပေါ်လာစေဖို့၊ အထူးသဖြင့် မြန်မာလူမျိုးတို့ရဲ့ နှလုံးသားလှပြီး ကူညီပေးကမ်းချင်တာ၊ သည်းခံခွင့်လွှတ်တတ်တဲ့ မေတ္တာတွေက ရှေးအဘိုးအဘွားတို့ လက်ထက်ကတည်းကနေ ယနေ့တိုင်ရှိနေတယ်ဆိုတာ ကျွန်မရဲ့သားငယ်လေးရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကို ရေးသားထားတာဖြစ်ပါတယ်။ မြန်မာဆိုတာနဲ့ စိတ်ထားလှပြီး စေတနာ မေတ္တာနဲ့ ပေးကမ်းကူညီတဲ့လူမျိုးဆိုတာ သိနေကြတာကို ဂုဏ်ယူပြီး ရေးသားထားတာဖြစ်ပါတယ်။

ကလေးသူငယ်တွေ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍပေါင်းစုံမှာ တိုးတက်ဖွံ့ဖြိုးလာစေဖို့အတွက် အသိပညာ၊ ဗဟုသုတတွေကို လက်တွေ့ကျကျ တကယ့်ဖြစ်ရပ်မှန်တွေကို ရေးသားထားတာဖြစ်ပါတယ်။

စာပေခရီးအနေနဲ့ကတော့ ၂၀၀၆ ခုနှစ်ကစတင်ပြီး စာတွေရေးသားခဲ့ပါတယ်။ မင်္ဂလာမောင်မယ်မှာ စရေးခဲ့တာပါ။ အခုလို စာပေဆုရရှိမှုအပေါ် ခံစားချက်ကိုပြောရရင် အမျိုးသားစာပေဆုရချင်လို့ ကြိုးစားခဲ့တာမို့လို့ ကျွန်မရဲ့ရည်မှန်းချက်ပြည့်တယ်လို့ ဆိုရမှာပါ။

အခုလက်ရှိ ပဲခူးမြို့နယ် စာရေးဆရာအသင်းမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသလို စာပေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း(ပဲခူးတိုင်းဒေသကြီး)မှာ တိုင်းဒေသကြီးဥက္ကဋ္ဌအနေနဲ့ စာကြည့်တိုက်တွေ ရှင်သန်အောင်မြင်ဖို့ ဆောင်ရွက်နေပါတယ်ဟု စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က ပြောသည်။

စာရေးဆရာမ ဝတ်ရည်ခင် (ပဲခူး)အား အဖ ဦးသိန်းဟန်-အမိ ဒေါ်စောနွဲ့တို့က ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အ.ထ.က(၃) ပဲခူးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် (B.A)ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် နည်းပြတာဝန်ထမ်းဆောင်ခဲ့သည်။

ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများအပုဒ်ရေ ၂၀၀ ကျော် ရေးသားခဲ့ပြီး နိုင်ငံတော်ဖိတ်ခေါ် ပြိုင်ပွဲဆု ၃၀ ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် စာပေဗိမာန်စာမူဆု လူငယ်စာပေ တတိယဆုရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ တတိယဆုရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုကိုရရှိခဲ့သည်။

ယခုနှစ်တွင် ၂၀၂၀ ကရရှိခဲ့သည့် ကလေးစာပေသည် အမျိုးသားစာပေဆုကို ဆွတ်ခူးရရှိပြီး ဝတ္ထုရှည် ဝတ်မှုန်ကူးချိန်စာမူသည် စာပေဗိမာန်စာမူ တတိယဆုရရှိခဲ့သည်။

ယခုအခါတွင် ခင်ပွန်းဖြစ်သူ ဒေါက်တာမောင်မောင်မြင့်နှင့်အတူ ပဲခူးမြို့တွင် နေထိုင်လျက်ရှိသည်။

# အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပုသိမ် နိုဝင်ဘာ ၂၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများရှိအားကစားခန်းမများတွင် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ခရိုင်အုပ်စု(၅)နှင့် ခရိုင်အုပ်စု(၆)တို့၏ အမျိုးသားဘော်လီဘောပြိုင်ပွဲကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာ့အားမာန်အားကစားရုံ၌ ခရိုင်အုပ်စု(၂)နှင့် ခရိုင်အုပ်စု(၆)တို့၏ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ(၂)၌ အမျိုးသား၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲကိုလည်းကောင်း၊ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာမဥ္ဇူခန်းမ၌ ပြုလုပ်သည့် ခရိုင်အုပ်စု(၁)နှင့် ခရိုင်အုပ်စု(၂)တို့၏ အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်း ခုနစ်မျိုးအား ခရိုင်အုပ်စုအလိုက် ပြိုင်ပွဲဝင်ကစားသမားပေါင်း ၆၇၂ ဦးက ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

## လူငယ်ရေးရာ

# အထက(ဘီးလင်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ပြုလုပ်

ဘီးလင်း နိုဝင်ဘာ ၂၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အထက(ဘီးလင်း)ပညာ့အားမာန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးဌေးက အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ထူးချွန်လူငယ်များ ပေါ်ထွန်းလာစေရေး ဆွေးနွေးပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်သန်းသန်းရွှေက လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းရွှေနှင့် အတူ အထက(ဘီးလင်း) Grade -11 မှ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"၊ "လူငယ်နှင့် အထက်တန်းစားစိတ်ဓာတ်"၊ "လူငယ်နှင့် ပရဟိတ"၊ "ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် အဏ္ဏဝါဂေဟစနစ်ထိခိုက်မှု" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုမှတ်သား လေ့လာထားသည်များကို မျှဝေဆွေးနွေးကြသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက ကြည့်ရှု လေ့လာကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# သထုံမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

သထုံ နိုဝင်ဘာ ၂၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက သထုံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သင်ကြားသင်ယူမှုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေဝါလှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူ လေးဦးတို့က "လူငယ်နှင့် လူမှုဆက်ဆံရေး"၊ "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့် ကိုယ်ကျင့်တရား"၊ "လူငယ်နှင့် မူးယစ်ဆေး" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ခန္တီးမြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

ခန္တီး နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း(ဆင်သေ)တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အဆိုပါကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးစောသီဟဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ဗလငါးတန်ဖွံ့ဖြိုးသည့် လူငယ်၊ လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ဆောင်ရွက်ပြီး Grade-11 မှ မဆန်းစစ်လားက "လူငယ်နှင့် စာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မထာဝရက "လူငယ်နှင့်စည်းကမ်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 မှ မောင်စိုင်းဆိုင်နော်က "လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 မှ မဆွန်းမားက "လူငယ်နှင့် အားကစား" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြကာ သက်ဆိုင်ရာ ခေါင်းစဉ် အလိုက် ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)



# ဟိုပုံးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ဟိုပုံး နိုဝင်ဘာ ၂၁

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် နောင်တောင်း ပရဟိတသီလရှင်ကျောင်းတို့၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက ကျောင်းသားလူငယ်များ စည်းကမ်းပြည့်ဝပြီး စိတ်ဓာတ်စွမ်းရည်မြှင့်တင်စေရေးနှင့် အသိပညာဗဟုသုတ ပိုမိုရရှိစေရေးအတွက် ဟောပြောပွဲများပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေဇင်ဝင်းအောင်က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာပုံ၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယလက်ထောက်ဦးစီးမှူး ဦးသန်းထိုက်စိုးက ပလတ်စတစ်ညစ်ညမ်းမှု စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်၍ စာစောင်များငှားရမ်းပေးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် နံရံကပ်စာစောင် ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ဝတ္တရားကျေပွန်ခြင်း

ပီမိုးနှင်း

မိမိ၏တာဝန်ဝတ္တရားကို ကောင်းစွာစဉ်းစားဆင်ခြင်လေ့ရှိသောသူသည် အလုပ်ဖြင့် ကျင့်ဝတ်ကိုပြေကုန်အောင် ဆောင်ရွက်မည်သာတည်း။

ကျင့်ဝတ်ကျေပွန်သောအလုပ်သည် ကိုယ်ကျင့်တရားကောင်းမြတ်ခြင်းပင် ဖြစ်လေသည်။

သို့သော်လည်း ကျင့်ဝတ်ကျေပွန်ခြင်းသည် အခါခပ်သိမ်း လွယ်ကူသောအလုပ်မဟုတ်ပေ။

တာဝန်ဝတ္တရား၏လမ်းသည် အခက်အခဲအနှောင့်အယှက်တို့နှင့် အခါများစွာပြည့်နှက်၍ နေတတ်၏။ စိတ်မခိုင်သောသူ၏ လမ်း၌ သစ်၊ ကျား၊ ခြင်္သေ့များ ကိန်းအောင်းလျက်နေသည်ဟု မှတ်ထင်ရ၏။

ထိုလူမျိုးသည် ကြံရင်း၊ တွေးရင်း၊ ဆင်ခြင်ရင်း၊ တစ်စုံတစ်ရာမျှ မလုပ်ဘဲ အချိန်ကိုကုန်လွန်စေတတ်၏။ လူသည် မိမိကြိုက်နှစ်သက်သောအရာကိုသာ လုပ်နိုင်၏။ တာဝန်ဝတ္တရားသည်ကား ကြိုက်နှစ်သက်ခြင်း၊ မကြိုက်မနှစ်သက်ခြင်းနှင့် မသက်ဆိုင်ပေ။ မကြိုက်မနှစ်သက်လည်း ဆောင်ရွက်လုပ်ကိုင်ရလေသည်။

အများအားဖြင့် တာဝန်ဝတ္တရားကို သိမြင်ပါလျက် လူအများ အဘယ်ပုံပြောမည်။ အဘယ်လိုမှတ်ထင်မည်ကို တွေးတော၍ ကြောက်ကြသဖြင့် တာဝန်ဝတ္တရားပျက်ကွက်ကြ၏။ ဆင်ခြေဆင်လက်နှင့်လည်း တာဝန်ကို ရှောင်လွှဲကြလေသည်။

သို့ဖြစ်လေရာ လူအများ အဘယ်ပုံထင်မည်၊ အဘယ်သို့ပြောမည်ဟူသောအကြောင်းကို စစ်မေးဖို့မရှိ။ အမှုကိုဆောင်ဖို့ရှိသည့်အခါ ထိုအမှုသည် ငါ၏တာဝန်ဝတ္တရားဟုတ်သလား၊ မဟုတ်ဘူးလား ဟူသောအကြောင်းကိုသာ ဆင်ခြင်စစ်မေးဖို့ လိုလေသည်။

သို့ဆင်ခြင်စစ်မေးရာ၌ မိမိ၏တာဝန်ဖြစ်ကြောင်း ပိုင်နိုင်စွာသိသောအခါ မည်သူမည်ဝါ မည်သို့ထင်မြင်ပြောဆိုလိမ့်မည်ဟူသောအကြောင်းအရာများကို တွေးဆနေဖို့မလို။ ဆောင်ရွက်ဖို့သာ လိုလေသည်။

လူအများတို့သည်ကား ဤတာဝန်ဝတ္တရားကို မကြည့်၊ မိမိတို့၏အလုပ်တာဝန်ကို မစဉ်းစား၊ အခြားသူများ၏ စိတ်ကိုသာ စဉ်းစားကြလျက် လူအများ၏အလိုကိုသာ လိုက်ကြလေသည်။

နိုင်ငံရေးအလုပ်များ အကျိုးမဖြစ်ထွန်းသည်မှာ တာဝန်ကို မကြည့် လူအများကိုကြည့်ခြင်း၊ အလုပ်ကိုမစဉ်းစား၊ လူအများ၏ စိတ်နေသဘောထားပုံကိုသာ စဉ်းစားခြင်း၊ ဤစိတ်မျိုးများကြောင့်ဖြစ်ရာ တကယ့်ခေါင်းဆောင်နည်းပါး၍ လူအများ၏နောက်ကိုလိုက်၍ နေကြလေသည်။

ထိုကဲ့သို့ ဟန်သမားခေါင်းဆောင်များ တိုင်းပြည်ကိုညာ၍နေကြရာ နှစ်ရှည်လများကြာသောအခါ၌ တကယ့်တာဝန်ဝတ္တရားကိုသာ မြင်တတ်သော ပုဂ္ဂိုလ်ထူးတစ်ယောက်တလေ ပေါ်ပေါက်၍လာပြီးလျှင် လက်ရှိအခြေအနေကို ပြုပြင်ပြောင်းလဲ၍ ပေးရလေသည်။ ထိုအခါ ထိုကဲ့သို့သော ခေါင်းဆောင်အသစ်များမှာ ချီးမြှောက်ခြင်းကိုသော်လည်းကောင်း၊ နှိမ်နင်းသတ်ပုတ်ညှဉ်းဆဲခြင်းများကိုလည်းကောင်း ခံရတတ်လေသည်။

သို့သော်လည်း တာဝန်ဝတ္တရားကို အသက်နှင့်စည်းစိမ်ထက် အလေးအမြတ်ပြုကြသော သူတော်ကောင်းတို့၏စိတ်၌ကား ငါ၏ကိုယ်ခန္ဓာကိုသာ သူတို့နိုင်၏။ ငါ၏နာမ်ဝိညာဉ်ကို သင်းတို့မနှိပ်စက်နိုင်။ ငါ၏နာမ်ဝိညာဉ်ကို ငါသာလျှင် နှိပ်စက်နိုင်၏ဟူသော စိတ်ကိုဆောင်ကာ ရုပ်နှင့်နာမ်ကွာခြင်းကိုပင် အကြီးဆုံးသောလွတ်မြောက်ခြင်းဟု စွဲမှတ်ခဲ့ကာ ရဲရင့်ပျော်ရွှင်စွာ ဆိုကရေတစ်ကဲ့သို့ အေးအေးဆေးဆေး ဝန်မလေးခံကြရမည်သာတည်း။

တာဝန်ကိုဆောင်ခြင်းအလုပ်၌ စိတ်ဆန္ဒအစွမ်းသတ္တိမြဲခိုင်ခြင်းရှိဖို့လို၏။ စိတ်နေသဘောထားကောင်းမြတ်ခြင်းသည် ၎င်းသမ္မာဆန္ဒပြည့်ဝခိုင်လုံခြင်းပင် ဖြစ်လေသည်။

တာဝန်ဝတ္တရား (ဝါ) ကျင့်ဝတ်တရားကိုဆောင်လိုသော ပုဂ္ဂိုလ်သည် ကျင့်ဝတ်တရားပြေလည်ခြင်းကိုပင် ဆုသဖွယ် သဘောထားကာ မိမိ၏တာဝန်လမ်း၌ မယိုင်မယိမ်းမြဲခိုင်သော ဆန္ဒစိတ်အစွမ်းနှင့် ဖြောင့်မတ်စွာလျှောက်၏။ ထိုကဲ့သို့ အဖြောင့်သွားခြင်း၌ လူအများတို့၏ ချီးပင့်မြှောက်စားခြင်းကိုလည်းကောင်း၊ ဆုလာဘ်ကိုလည်းကောင်း လေးစားဂရုပြုလေ့မရှိပေ။

သို့ဖြစ်ချေက အဘယ်အတွက် ဤတာဝန်ဝတ္တရားကို အပင်ပန်းခံ၍ ဆောင်ရွက်ပါသနည်းဟု မေးဖွယ်ရှိ၏။

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သည်မှာ အဘယ်အကျိုးစီးပွားအတွက်ပါနည်းဟု မေးချေက အဘယ်အတွက်ဟု ဖြေပါမည်နည်း။

လူ၏နာမ်ဝိညာဉ်သည် မသေမပျောက် ဤတစ်ဘဝတည်းနှင့်လည်း ဝတ္တရားလမ်းဆုံးသို့ မရောက်ပေ။ လူအချင်းချင်းအပေါ်၌ ပြုအပ်သော တာဝန်ဝတ္တရားကို ဤဘဝ၌ အမြဲဆောင်လေ့ရှိသူသည် နောင်ရောက်ရာဘဝ၌ တာဝန်ကိုဆောင်နိုင်သော သူတော်ကောင်း၊ သူမြတ်ဖြစ်ဖို့သာ ရှိလေသည်။ တာဝန်ကိုဆောင်ခြင်းသည် ကူညီရိုင်းပင်းခြင်း၊ ကယ်ဆယ်ခြင်းအလုပ်ပင်ဖြစ်ရာ ဘဝအဆက်ဆက် ကယ်ဆယ်နိုင်သော ဘုန်းရှင်ကံရှင်ဖြစ်ခြင်းနှင့် အကယ်ခံရသော အနုစား၊ အညံ့စား၊ ဒုက္ခိတ၊ သတ္တဝါအမျိုးအစားဖြစ်ခြင်း၊ ဤနှစ်မျိုးအနက် အဘယ်အမျိုးက ပို၍မြတ်မည်နည်း။

လူသာလျှင် တာဝန်ဝတ္တရားကို ဆောင်ရသည်မဟုတ်။ လောကဓာတ်တစ်ခုလုံး နေ၊ လ၊ နက္ခတ်၊ တာရာ၊ တောတောင်၊ သမုဒ္ဒရာ၊ မြေ၊ ရေ၊ လေ၊ မီး စသည်တို့မှာ အသီးသီးဆိုင်ရာတာဝန်ဝတ္တရားများ ရှိကြလေသည်။

လူဟူသမျှမှာလည်း ထို့အတူဖြစ်လေရာ တာဝန်ဝတ္တရားကို အမြဲဆောင်ရွက်နေကြရသော လောကဓာတ်ကြီးတစ်ခုလုံး၏ အလယ်၌ တာဝန်ဝတ္တရားလစ်ဟင်းသူများသည် အမှိုက်အလေး၊ အပိုအလျှံ၊ အလဟဿ၊ အချည်းနှီး လူ့ပြည်သို့ရောက်၍နေသော ကျက်သရေဂုဏ်ကင်းမဲ့သောသူများသာ ဖြစ်ကြရာ၏။

ထိုလူများသည်လောကဓာတ်စက်ကြီး၌အနှောင့်အယှက်စက်ချေး၊ စက်လေးနှင့်တူကြလေရာ ဘဝအစဉ်အဆက် အောက်ကျနောက်ကျအများကိုမှီခို၍နေရသူမျိုးသာ ဖြစ်ကြရပေမည်။

ဗုဒ္ဓဘာသာအရ လှူနိုင်တန်းနိုင်လျှင် အလှူရေစက် လက်နှင့်မကွာဆိုသော စကားလို ပေးကမ်းလှူရုံနှင့် စွန့်ကြဲနိုင်လျှင် မြင့်မြတ်သောဘဝကို ရောက်နိုင်၏။ ညောင်စေ့လောက်လှူရုံနှင့် ညောင်ပင်ကြီးလောက် ကြီးသောအကျိုးကိုလည်း ခံစားရတတ်လေသည်။

ဤအတိုင်း ပုံသေစွဲမှတ်၍ ထားကြချေက ကိုယ်ကျင့်တရားမလို။ လူ့ကျင့်ဝတ်မလို၊ အပိုတတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲဖို့သာ လိုလေရာ တစ်ပဲရလျှင် အနည်းဆုံး တစ်ပြားလှူနိုင်ကြသောကြောင့် ဘဝ၏အဆင့်အတန်းတိုးတက်ရေးအလုပ်သည် လွန်စွာလွယ်ကူသည်ဟု ဆိုရပေမည်။

ကျွန်ုပ်တို့အယူသည်ကား ငွေကိုလှူခြင်းသည်လည်း ကောင်း၏။ သို့သော်လည်း တာဝန်ဝတ္တရားကို ရိုးသားမှန်ကန်ဖြောင့်မတ်စွာ ဆောင်ရွက်ခြင်းဖြင့် မနုဿလူအချင်းချင်း၏အကျိုးကို အလုပ်ဖြင့် ဆောင်ခြင်းသည် ပိုမို၍မြတ်လျက် ပိုမိုမြဲခိုင်သော အထုံပါရမီဖြစ်နိုင်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

## အောင်မြင်မှုကို သိမ်းသွင်းပါ

**"မအောင်မြင်ခင် အောင်မြင်မှုကိုသိမ်းသွင်းတတ်ရန် လိုသည်။ အောင်မြင်မှုကို သင်မည်သို့ သိမ်းသွင်းမည်နည်း။ စိတ်ကူးယဉ်အိပ်မက်မက်ခြင်းဖြင့် သိမ်းသွင်းရပေမည်"**

**စာရေးဆရာ အမ်၊အက်စ်၊ရက်ဒီ(၁၉၂၄-၂၀၁၁)**

ဘဝတွင် အောင်မြင်မှု၊ ချမ်းသာမှု၊ ကြွယ်ဝမှုတို့ကို ကြီးကြီးမားမားဖြစ်တည်မှု ရရှိစေရန်အတွက် အောင်မြင်မှုကို သိမ်းသွင်းတတ်ရန်လိုသည်။ မအောင်မြင်ခင် အောင်မြင်မှုကို သိမ်းသွင်းတတ်ရန်မှာ လွန်စွာမှအရေးပါလှပေသည်။ ယင်းမှာ အစကနဦးအနေဖြင့် စိတ်ကူးဖြင့် ပုံဖော်ကြည့်ရမည့်ကိစ္စဖြစ်သည်။

စိတ်ကူးဖြင့် ပုံဖော်ကြည့်ခြင်းသည် အိပ်မက်မက်ခြင်းဟုပင် ဆိုရပေမည်။

အိပ်မက်များကို များသောအားဖြင့် မက်ဖူးကြပေမည်။ သို့ဆိုလျှင် မည်သို့သောအိပ်မက်မျိုးဖြစ်မည်နည်း။ ထိုအရာကား အိပ်မောကျနေစဉ် မက်သည့်အိပ်မက်မျိုးဖြင့်မဟုတ်။ လိုချင်တပ်မက်မှုဖြင့်သာ အိပ်မက်ကြီးကြီးမက်နိုင်ကြရန် အရေးကြီးပါသည်။ မိမိ၏လိုချင်တောင့်တချင်ခြင်းအလိုက် စိတ်ကူးယဉ်အိပ်မက်မက်ခြင်းကို ဆိုလိုရင်းဖြစ်သည်။

သို့ဖြစ်၍ ဘဝအတွက် အောင်မြင်မှုကိုသိမ်းသွင်းတတ်ပါစေ။ ယင်းအတွက် အိပ်မက်ကြီးကြီးမက်ရန် လိုပါသည်။

အောင်မြင်မှု၊ ချမ်းသာမှု၊ ကြွယ်ဝမှုတို့ကို ရရှိပိုင်ဆိုင်ရာတွင် ကြီးကြီးမားမားဖြစ်စေရန်အလို့ငှာ အိပ်မက်ကို ကြီးကြီးမက်ကြရန် အရေးကြီးလှပါကြောင်း သတိကပ်ရပေမည်။

"အိပ်မက်သည် သင်လိုချင်သည့်အရာကို မဖြစ်မနေရယူလိုသော ဆန္ဒကြီးဖြစ်လာမည်။ ဘဝတွင် သင်လိုသည့်အရာကို ရရှိရန်အတွက် သိစိတ်ဖြင့် အိပ်မက်မက်မှုသည် မရှိမဖြစ်လိုအပ်သည်"ဟု ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီ (M.S.Reddy)က ရေးသားခဲ့ဖူးသည်။ စိတ်ကူးယဉ်အိပ်မက်မက်ခြင်းသည် တကယ့်အောင်မြင်မှုအတွက် ပဏာမအစမ်းလေ့ကျင့်ခြင်းပင် ဖြစ်သည်ဟုလည်း ယင်းစာရေးဆရာကြီးကရေးသားခဲ့ဖူးကြောင်း မှတ်သားဖူးပါသည်။



ထို့ကြောင့် အောင်မြင်ကြီးပွား၊ ချမ်းသာလိုကြသော လူငယ်လူရွယ်များနှင့် အရွယ်မရွေးသော လူတိုင်းလူတိုင်းသည် အောင်မြင်မှုကို အမှန်တကယ်ရရှိရန် ပဏာမအစမ်းလေ့ကျင့်မှုအဖြစ် သိစိတ်ဖြင့် စိတ်ကူးယဉ်အိပ်မက်မက်ရန် အရေးကြီးပါသည်။ အိပ်မက်မက်သည့်အခါတွင်လည်း အိပ်မက်ကြီးကြီးမက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်သည်။

"အောင်မြင်မှုကြီးကြီးကို သိမ်းသွင်းတတ်စေရန် အိပ်မက်ကြီးကြီးသာ မက်လိုက်ပါ"

အိပ်မက်မက်ရာတွင် ရဲရဲသာမက်ပါ။ အိပ်မက်သည် အကန့်အသတ်မရှိသလို ကြီးကြီးကျယ်ကျယ် မက်ခွင့်လည်းရှိလေသည်။ မိမိမက်လိုက်သည့်အိပ်မက်သည် မည်မျှပင်ကြီးကျယ်မြင့်မားနေပါစေ ဖြစ်ကိုဖြစ်ရမည်ဟူသည့် မိမိ၏သိစိတ်ကို မွေးမြူနိုင်ရမည်။ သိစိတ်ဖြင့် စိတ်စွမ်းအားကို နှိုးဆော်ပေးနိုင်ရမည်။

သို့ဖြစ်၍ အိပ်မက်ကို မဖြစ်မနေဖြည့်ဆည်းရန် စိတ်ဆန္ဒကို ပိုမိုနိုးကြားလာအောင် စိတ်ဆန္ဒ၏နိုးကြားနှိုးဆော်မှုတို့ဖြင့် ကြိုးစားမှုကလည်း မဖြစ်မနေ ပေါ်ပေါက်လာမည်ဖြစ်သည်။

"လူတိုင်းမှာ မသုံးဘဲပုန်းခိုနေတဲ့ စွမ်းအင်တွေ အများကြီးရှိနေသတဲ့။ ငါ့ရဲ့ရှေ့မှာ အဆုံးအစမဲ့ ဖြစ်နိုင်ခြေတွေရှိနေတယ်။ ငါ ဘာကိုမှမကြောက်ဘူး။ အိမက်ကြီးကြီးမက်မယ်"ဟု ပါမောက္ခဝီလျှံဂျိမ်းစ်ကလည်း ပြောဖူးကြောင်း မှတ်သားဖူးပါသည်။

အဆိုပါ စိတ်ကူးယဉ်အိပ်မက်များကပင် မိမိဘဝ၏အနာဂတ်ကို သိမြင်လှုံ့ဆော် ပုံဖော်နိုင်စေရန် အထောက်အကူများစွာ ပြုမည်လည်းဖြစ်သည်။ စိတ်စွမ်းအင်၊စိတ်တန်ခိုးကို အရှိန်အဟုန်မြင့်စေရန် တွန်းအားအဖြစ်လည်း အထောက်အကူပြုမည်ဟူသည်ကို အပြည့်အဝယုံကြည်နေရန်လိုအပ်သည်။

လောကသဘာဝတရား၏ ပေးထားချက်အခွင့်အရေးက ကြီးကျယ်မြင့်မားသည့်အိပ်မက်များကို လူတိုင်းလူတိုင်း မက်ခွင့်ရှိနေကြသည်ကပင် အဓိကအချက်ဖြစ်နေပေသည်။ မိမိစိတ်ကူးရှိသလောက် မက်ခွင့်ရှိနေသည့် စိတ်ကူးယဉ်အိပ်မက်ကို တစ်ထစ်ချ ယုံကြည်ပုံဖော်နိုင်ခြင်းအားဖြင့် အောင်မြင်မှုကို သိမ်းသွင်းတတ်လာမည်ဖြစ်သည်။

မိမိ၏လိုချင်တောင့်တမှု ချင်ခြင်းအလိုက် စိတ်ကူးယဉ်အိပ်မက်မက်ခြင်းကို အကောင်အထည်ပေါ်လာစေရန် ဖန်တီးနိုင်မှုစွမ်းအားပေါ်တွင်မူတည်ကာ ဘဝတွင် အောင်မြင်မှုအတိုင်းအတာတို့သည် တစ်ဦးနှင့်တစ်ဦး ကွာခြားသွားရခြင်းသာဖြစ်သည်။

ထို့ကြောင့် အောင်မြင်မှုကြီးကြီးကို သိမ်းသွင်းတတ်စေရန် အိပ်မက်ကြီးကြီးသာ မက်လိုက်ပါ။

သို့မှသာ စိတ်ကူးယဉ်အိပ်မက်မှ သိစိတ်ဖြင့် ဖြစ်တည်မှုဆန္ဒကို လှုပ်နှိုးကာ လက်တွေ့ကျကျ ကြိုးစားမှုများက မိမိ၏စိတ်ကူးဆန္ဒအိပ်မက်တို့၏ ကြီးကျယ်မြင့်မားမှုအတိုင်းအဆအတိုင်း အောင်မြင်ကြီးပွားချမ်းသာမှုတို့ကလည်း ရရှိလာမည်ဖြစ်ပေတော့သည်။ ။

# နှလုံးသားကြီးမားသူဖြစ်ချင်သလား

မောင်ထူးချွန်



**“သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်း”**

**“သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်း”**

**“သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်း”**

မောင်တို့မယ်တို့အနေနဲ့ ဖော်ပြပါစကားလုံးတွေကို သုံးလေးခေါက်လောက် ရွတ်ဆိုကြည့်လိုက်ပါ။ ထူးခြားမှုရှိပါတယ်။ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းသွားကြတယ်မဟုတ်လား။

ဖော်ပြပါ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်းတို့ဟာ မောင်တို့မယ်တို့သာမက လူသားတို့အားလုံးအတွက် ကောင်းကျိုးချမ်းသာမှန်သမျှကို ရရှိစေမှာလည်းဖြစ်တယ်။ လက်တလောအနေနဲ့ စိတ်မှာကြည်လင်မှုကို ခံစားလာရမယ်။ တဖြည်းဖြည်းနဲ့ စိတ်နှလုံးကို အေးချမ်းမှုလည်း ပေးစွမ်းလာပါလိမ့်မယ်။

အဲဒီလို ဖြစ်လာပြီဆိုရင် စိတ်ထားကောင်းမွန်ပြီး မေတ္တာတရားလွှမ်းခြုံသူဖြစ်လာတော့မပေါ့။

မောင်တို့မယ်တို့သာမက အရွယ်မရွေးသော လူတိုင်းလူတိုင်းက စိတ်ထားကောင်းမွန်ပြီး မေတ္တာတရားလွှမ်းခြုံသူတွေ ဖြစ်နိုင်ကြတာပါပဲ။ ဖြစ်နိုင်တဲ့အခွင့်အလမ်းတွေ ရှိနေကြတယ်။ မိမိတို့ရှုမြင်တတ်တဲ့ အမူအကျင့်အရသာ ကွာခြားသွားရတာပေါ့ကွယ်။ ဘယ်အတန်း၊ ဘယ်ကျောင်းပဲဖြစ်ဖြစ်၊ ဘယ်ဌာန၊ ဘယ်ရာထူးပဲဖြစ်ဖြစ်၊ ဘယ်နေရာ၊ ဘယ်ဒေသပဲဖြစ်ဖြစ် အကောင်းချည်းလည်း မရှိနိုင်သလို အဆိုးချည်းလည်း မရှိနိုင်ပါဘူး။

အကောင်းမြင်သူက အကောင်းကို ဆိုကြပြီး မကောင်းမြင်သူက အဆိုးကို ဆိုကြမှာပါပဲ။ လွန်ဆန်လို့ မရနိုင်တဲ့ လောကနိယာမတစ်ခုပဲလို့ ရှုမြင်နိုင်ရမယ်။

ဒီသဘာဝသဘောတရားကို နားလည်သဘောပေါက်သူတွေ၊ လက်ခံနိုင်သူတွေဟာ လောကတစ်ခွင်မှာ များစွာရှိဖို့လိုတယ်။ များများရှိနေမယ်ဆိုရင် စိတ်ထားကောင်းမွန်တဲ့ မေတ္တာတရားကြီးမားရာရပ်ဝန်းအဖြစ် ကျယ်ပြန့်လာနိုင်မှာလည်းဖြစ်တယ်။ ဒီကမ္ဘာကြီးက ပကတိတရားမှာ သူ့ဘာသာသူ ကမ္ဘာကြီးပါပဲ။ နေဂြိုဟ်ကြီးနဲ့ယှဉ်တဲ့အခါ သေးငယ်ပါတယ်။ လနဲ့ယှဉ်လိုက်ရင်တော့ ပိုကြီးနေတာပေါ့။ ကြီးတယ်ငယ်တယ်ဆိုတဲ့ အတိုင်းအဆကို ဆိုလိုရင်းမဟုတ်ပါ။ နေ၊ ကမ္ဘာ၊ လတို့ကိုကြည့်ရင် ကမ္ဘာပေါ်ကနေ နေ့ဘက်မှာဆိုရင် နေကိုမြင်ရပြီး ညဘက်မှာဆိုရင် လကိုမြင်ရမှာပါပဲ။ အခြေခံသဘောတရားကိုသာ တွေးကြည့်ကြည့်ဖို့ တိုက်တွန်းလိုပါတယ်။

အကောင်းအဆိုး၊ အတော်အညံ့ အမျိုးမျိုးက ယှဉ်တွဲရှိနေကြမှာပါပဲ။ ဘယ်သူမှ ခြောက်ပစ်ကင်း မရှိနိုင်ပါ။ လူအချင်းချင်း အပြစ်မတင်၊ အပြစ်မမြင်ကြဘဲ အကြည့်အမြင်ရှုထောင့်မလွဲအောင်သာ မိမိရဲ့အရင်းအမြစ်မှာ စိတ်ထားကောင်းပြီး မေတ္တာအရင်းခံကြရမှာဖြစ်တယ်။ လူကောင်းတွေကသာ ကောင်းတဲ့အတွေး၊ ကောင်းတဲ့အကြံကို ပြုမူကြကာ ကောင်းတဲ့စကားကိုပြောပြီး ကောင်းတဲ့ လုပ်ဆောင်မှုတွေကို လုပ်ဆောင်ကြမှာပါပဲ။

အတ္တ၊ မာန၊ ဒေါသ၊ မောဟတွေ လုံးဝကင်းစင်မှုဟာ မေတ္တာတရားအဖြစ် သက်ဝင်တယ်။

မေတ္တာလက်နက်ဟာ အတိုင်းအဆမရှိ အကြီးမားဆုံး၊ အပြင်းထန်ဆုံးအရာပဲဖြစ်တယ်။ မေတ္တာထက် ပိုမိုထိရောက်နိုင်တဲ့အရာ ဘာမျှမရှိပါ။

မိမိနဲ့ထိတွေ့လာရင် သူတစ်ပါးကို အပြစ်အနာအဆာ ရှာဖွေကြည့်ရှုမနေဘဲ နှစ်ဦးနှစ်ဖက် ကောင်းကျိုးကို ကြည့်ကာ ဖြစ်နိုင်ခြေရှိမယ့်၊ တိုးတက်နိုင်မယ့် အရာကိုသာ စဉ်းစားကြရမယ်။ လုပ်ဆောင်ကြရမှာလည်း ဖြစ်တယ်။ မေတ္တာတရားကို ရှေ့ထားမှုတွေကြောင့် အောင်မြင်မှုတွေအဆများစွာ ရရှိနိုင်မှာဖြစ်တယ်။

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်းတို့ဟာ မိမိတို့အားလုံးအတွက် ကောင်းကျိုးချမ်းသာကို ရရှိစေမှာပေါ့ကွယ်။

မောင်တို့မယ်တို့အနေနဲ့ တွေးခေါ်မြော်မြင်မှုတို့ကို မျှတစွာအသုံးချကာ လောကကို ရှုမြင်သုံးသပ်နိုင်ကြမယ်ဆိုရင် လောကသဘာဝ အလှတရားတို့ကို မြင်သာထင်ရှားသိသာစွာ တွေ့မြင်ခံစားနိုင်မှာလည်း ဖြစ်တယ်။

အမြင်နဲ့ရှုထောင့်ကို မျှတစွာခံစားနိုင်ပြီဆိုရင်တော့ လူအချင်းချင်းဆက်ဆံရာမှာ အထူးဝန်ဆောင်မှုတစ်ခု ပေးလိုက်ပါ။ တန်ဖိုးကြီးအရာလည်း မဟုတ်ပါ။ မလုပ်နိုင်စရာလည်းမရှိပါ။ ဒီဝန်ဆောင်မှုက ပင်ပန်းတကြီးလည်း မဟုတ်ပါ။ ငွေကုန်ကြေးကျလည်းမရှိပါ။ အထူးတလည် ကြိုးစားရမယ့်အရာလည်း မဟုတ်ပါ။ ခက်ခက်ခဲခဲအရာမျိုးလည်း မဟုတ်ဘူးပေါ့ကွယ်။ လွယ်ကူပြီး ရိုးရှင်းလှပါတယ်။

နှလုံးအေးတဲ့ဆေးပါပဲ။ နှလုံးအေးတဲ့ဆေးဆိုလို့ အရှုံးပေးတယ်လို့ မထင်လိုက်ပါနဲ့။

“သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်း”ဆိုတဲ့ အမြင်နဲ့ရှုထောင့်ကို မျှတစွာခံစားကာ နားလည်မှုအပြည့်အဝထားရှိနိုင်မှုဟာ နှလုံးအေးတဲ့ဆေးကို ရှာဖွေတွေ့ရှိတာပါပဲ။ ဒါကြောင့် အဲဒီဝန်ဆောင်မှုဟာ နှလုံးအေးတဲ့ဆေးဆိုတဲ့ လွယ်ကူရိုးရှင်းပြီး အချိုမြိန်ဆုံးသောဝန်ဆောင်မှုပေါ့ကွယ်။

လူအချင်းချင်းဆက်ဆံရာမှာ အချိုမြိန်ဆုံးသောဝန်ဆောင်မှုကို အရင်ဦးဆုံး မျှဝေလိုက်ပါ။ အဝေးကပင် အပြုံးပန်းဖြင့် နှုတ်ဆက်မှုဟာ နှလုံးအေးတဲ့ဆေးရဲ့ ရှေ့ပြေးပါပဲ။

စိတ်စေတနာကောင်းတွေကို ရှေ့တန်းတင်ပြီး မျှတတဲ့အမြင်နဲ့ ရှုထောင့်ကနေ သတ္တလောကကြီးတစ်ခုလုံးကို ရှုမြင်ကာ ဆက်ဆံမှုတွေ၊ ခံယူမှုတွေ၊ နားလည်မှုတွေ ထားနိုင်ကြမယ်ဆိုရင် နှလုံးအေးတဲ့ဆေးတွေနဲ့ ပြည့်ဝနေတဲ့ နှလုံးသားကြီးမားသူတွေ ဖြစ်လာပြီပေါ့ကွယ်။

နှလုံးသားကြီးမားသူတွေ လောကဝန်းကျင်အနှံ့မှာ တိုးပွားများပြားလာကြမယ်ဆိုရင် ကမ္ဘာလောကကြီးတစ်ခုလုံးလည်း သာယာအေးချမ်းပြီး နေပျော်ဖွယ် သတ္တကမ္ဘာကြီးအဖြစ် တည်တံ့ ခိုင်မြဲလာမယ်ဆိုတာပါပဲ။ ဒီလိုစေ့ဆော်မှုတွေကို လိုက်နာကျင့်ဆောင်နိုင်ကြမယ်ဆိုရင် မောင်တို့မယ်တို့အပါအဝင် အရွယ်မရွေးသော လူသားတိုင်းက လောကကိုအလှဆင်နိုင်တဲ့နှလုံးသားကြီးမားသူတွေ ဖြစ်လာနိုင်ပြီပေါ့ကွယ်။ ။

# အမှန်တရားနှင့် အလှအပကို ချိတ်ဆက်ပေးပါ

အောင်မြတ်စည်သူ

ရိုးသားမှုကို စံတင်ရန် အကောင်းဆုံးနည်းလမ်းကား ယင်းကို မည်မျှလှပသည်ဟု တင်စားရန်ပင်ဖြစ်သည်။ လက်ရှိအနေအထားမှ စိတ်ကူးအိပ်မက် သရုပ်ဖော်ရေးခရီးသို့ မည်မျှကြည်လင်ရှင်းလင်းသည်ဟု သိစေရန်ဖြစ်သည်။

လူတို့သည် သူတို့ဘယ်ရောက်နေမှန်းသိပါလျှင် ထိုနေရာမှာနေ၍ တစ်နေရာရာသို့ သွားနိုင်သည်။ လမ်းပျောက်ဆုံးနေခြင်းသည် မရိုးသားခြင်း၏ သက်ရောက်အားတစ်ရပ်ဖြစ်သည်။ ကျွန်တော်တို့ လမ်းပျောက်ဆုံးနေသောအခါ သို့မဟုတ် မရိုးသားသောအခါ ထိုနေရာမှ ကျွန်တော်တို့ သွားရာမှန်သမျှ မှားယွင်းသည်။ မှားယွင်းသောလမ်းညွှန်ချက်ဖြင့် ကျွန်တော်အစပြုလျှင် အိမ်သို့ပြန်ရန် လမ်းညွှန်ချက်မရှိတော့ချေ။

ဘော့ဖ်ဒေးလန်းဖော်ညွှန်းသော လိမ့်နေသောကျောက်တုံးလေးများကဲ့သို့ပင် ကျွန်တော်တို့ မည်သူမှန်း ကျွန်တော်တို့မသိပါ။ ကျွန်တော်တို့သည် လုံးဝဥဿုံ မသိရှိမထင်ရှားသူအဖြစ် အရင်းအမြစ်တွင် ခံစားရသည်။ တစ်ဖက်တွင်မူ အမှန်တရားသည် ရှင်းလင်းပြည့်ဝသည်။ အကြွင်းမဲ့သဲသဲကွဲကွဲရှိသည်။ ခိုင်မာပြီး အားရှိသည်။ ထို့ကြောင့် အပေါ်သို့ လှမ်းတက်စဉ် အမှီအတွယ်ပြုနိုင်သည်။

“အမှန်တရားသည် အလှအပပင်ဖြစ်သည်” ဟု ကဗျာဆရာ ဂျွန်ကိဗ်က ဆိုခဲ့သည်။

တစ်ပါးသူတို့နှင့် ကျွန်တော်တို့ရိုးသားလေလေ လက်ရှိဖြစ်ရပ်မှန်နှင့်ပတ်သက်၍ ကိုယ့်အပေါ်ကိုယ် ရိုးသားလေလေ၊ ပို၍များပြားသောစွမ်းအားနှင့် ဖေဒင်းပေးမှုကို ကျွန်တော်တို့ စုစည်းနိုင်လေဖြစ်သည်။ လူတစ်ယောက်ကို ကျွန်တော်တို့ပြောလိုက်သည့်စကားနှင့် တခြားသူတစ်ယောက်ကို ပြောလိုက်သည့်စကားတို့ကို မျက်ခြည်မပြတ်ကြည့်နေရန် မလိုအပ်ချေ။

ကိုယ်ရေးကိုယ်တာ ရိုးသားဖြောင့်မတ်မှု၏ အလှနှင့်ပတ်သက်၍ အကောင်းဆုံးနှင့် အကျိုးအပြုဆုံးရှင်းလင်းချက်ကို နာသန်နရယ်လ်ဘရန်ဒန်က The Sex Pillars of Self – Esteem တွင် ဖော်ကျူးထားခဲ့သည်။ ထိုအကြောင်းအရပ်နှင့်ပတ်သက်၍ ရေးသားသည့် စာရေးဆရာအများစုကဲ့သို့ပင် ဘရန်ဒန်သည် အမှန်တရားနှင့် ရိုးသားဖြောင့်မတ်မှုကို ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှု၏ အကျိုးပြုအဖြစ် ရှုမြင်သည်။

သူထောက်ပြလိုခဲ့သည့်အချက်ကား တစ်ပါးသူတို့၏ ကိုယ်ကျင့်သီလအလိုက် ကျွန်တော်တို့ ရိုးသားရန်လိုအပ်သည် မဟုတ်ချေ။ ကိုယ့်အတွက်ကိုယ် ရိုးသားရန်လိုသည်ဟူ၍ဖြစ်သည်။

“အကြီးကျယ်ဆုံး ကိုယ့်ကိုယ်ကိုယ် လှည့်စားမှုတစ်ရပ်ကား ကိုယ့်ကိုယ်ကိုယ် ‘ငါပဲသိမယ်’ ဟု ပြောဆိုခြင်းပင်ဖြစ်သည်” ဟု ဘရန်ဒန်က ဆိုသည်။ ကျွန်တော်လူလိမ်ဖြစ်ကြောင်း ကျွန်တော်သာ သိမည်။ ကျွန်တော့်ကို ယုံကြည်သူများအား လူတန်းစားခွဲခြားစိတ်ဖြင့် ကျွန်တော်ဆက်ဆံသည်ကို ကျွန်တော်သာသိမည်။ ကတိတည်ရန် ကျွန်တော် မရည်ရွယ်ကြောင်း ကျွန်တော်သာလျှင် သိမည်။

ဤတွင် အလေးထားချက်ကား ငါ့ကိုယ်ငါ အကဲဖြတ်ချက်က အရေးမပါလှချေ။ တစ်ပါးသူတို့၏ အကဲဖြတ်ချက်သာလျှင် အရေးပါသည်ဟုပင် ဖြစ်သည်။

ကိုယ်ရေးဖြောင့်မတ်မှုနှင့် ပတ်သက်၍ ဘရန်ဒန်၏ရေးသားချက်သည် စိတ်တက်ကြွစရာပင်ဖြစ်သည်။ ယင်းသည် ပို၍ပျော်ရွှင်သော၊ ပို၍ သန်စွမ်းသောကိုယ်ဖြစ်ရေးကို ဦးတည်သည်။ တစ်လောကလုံး ကိုယ်ကျင့်သိက္ခာဖြောင့်မတ်ရေးကို ဆော်ဩခြင်းမဟုတ်ချေ။

ကျွန်တော်တို့ အတတ်ဆန်းနှင့် မပြီးပြတ်သေးသော အနုပညာလက်ရာကို “အမှိုက်သရိုက်” ဟု ဆိုညွှန်းပြုလေ့ရှိသည်။

လိမ်ညာခြင်း သို့မဟုတ် ချန်လှပ်ထားခြင်းဖြင့် လိမ်လည်ခြင်းသည် အရာအားလုံးကို မပြီးမစီး၊ အရှုပ်အပွအဖြစ် ကျန်ရစ်စေသည်။ အမှန်တရားသည် ပုံကားချပ်ဖြစ်သည်။ မည်သည့်ပုံကားချပ်ကိုမဆို ပီပြင်စေစမြဲဖြစ်သည်။ ပုံကားချပ်တစ်ခု ပြီးပြည့်စုံသောအခါ၊ ပြည့်ဝသောအခါ၊ ပေါင်းစည်းသွားသောအခါ ‘လှပ’ သည်ဟု ကျွန်တော်တို့မြင်သည်။

ကျွန်တော်သည် လူများအကြောင်း အများအားဖြင့် မည်သည့်အရာကိုမျှ မယုံကြည်နိုင်သူတို့အား အရှုပ်အပွအဖြစ် ညွှန်းဆိုသည်ကို ကြားဖူးပါသည်။

သင်နှင့်ရိုးသားရန် စိတ်ချယုံကြည်ရသူကိုမျှ ‘လှပ’သူအဖြစ် ရည်ညွှန်းသည်ကို ကျွန်တော် မကြာခဏကြားဖူးပါသည်။ အမှန်တရားနှင့် အလှအပကို ခွဲခြား၍မရချေ။

အမှန်တရားသည် သင့်ကို တခြားသူတို့နှင့် ဆက်ဆံရေးတွင် ပို၍ယုံကိုးရသည့်အဆင့်ကို ဦးတည်ပေးသည်။ ကြောက်လန့်မှုကို လျော့ပါးစေပြီး သင်၏ကိုယ့်ကိုယ်ကိုယ် နိုင်နင်းမှုအသိ တိုးပွားစေသည်။ မုသားများနှင့် တစ်ပိုင်းတစ်စအမှန်တရားတို့သည် သင့်ကို အမြဲတစေဖိချပေမည်။

အမှန်တရားကမူ သင်၏အတွေးအခေါ်ကို ရှင်းလင်းစေပြီး ကိုယ့်ဘဝကို မြှင့်တင်ရေးအတွက် လိုအပ်သောစွမ်းအားနှင့် ရှင်းလင်းမှုကို ပေးဆပ်ပေမည်။ ။

**Ref: Connect Truth and Beauty by Steve Chandler**

# မော်လမြိုင်မြို့၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

**ရွေးချယ်ဖွင့်လှစ်**

အခမ်းအနားတွင် မွန်ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေက ယခု စီမံကိန်းအား မွန်ပြည်နယ်အတွင်းရှိ ကျေးရွာရှစ်ရွာကို ရွေးချယ်ပြီး ဒေသအလိုက်ပေါ်များစွာ ထွက်ရှိသည့်ကုန်ကြမ်းများအပေါ်မူတည်၍ လည်းကောင်း၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်အရသော်လည်းကောင်း သင်တန်းအမျိုးအစားများ ရွေးချယ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပြည်ပသွင်းကုန်ပမာဏကို လျှော့ချပြီး ပြည်တွင်းထုတ်ကုန်ပမာဏကို တိုးမြှင့်ရန်လိုအပ်ကြောင်း၊ ထွက်ရှိလာသည့် ကုန်ချောပစ္စည်းများကို အရည်အသွေးကောင်းမွန်စွာနှင့် ဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးမျိုးဆွေက အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေ တိုးရေးစီမံကိန်းလုပ်ငန်းအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းထူထောင်မည့်သူ သင်တန်းသား သင်တန်းသူ ၁၀ ဦးထံ ပေးအပ်ခဲ့ပြီး လုပ်ငန်းထူထောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ယင်းနောက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးရေး စီမံကိန်းလုပ်ငန်းအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများကို ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မှော်ဘီမြို့၌ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

မှော်ဘီ နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက်၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မှော်ဘီ(အား/ကာ) ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲကို မှော်ဘီ(အား/ကာ)ဘောလုံးကွင်း၌ ကျင်းပရာ မှော်ဘီ မြို့နယ်(က)အသင်းနှင့် မှော်ဘီမြို့နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မှော်ဘီမြို့နယ်(ခ)အသင်းက မှော်ဘီမြို့နယ်(က)အသင်းကို



ပင်နယ်တီအဆုံးအဖြတ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် နေရာအလိုက်ဆုရရှိသော အကောင်းဆုံး ဂိုးသမားဆုကို ထက်နိုင်ဖြိုး မှော်ဘီမြို့နယ်(ခ)၊ နောက်တန်းဆုကို ဝိုင်းချစ် မှော်ဘီမြို့နယ်(ခ)၊ အလယ်တန်းဆုကို စစ်ဦးငြိမ်း မှော်ဘီမြို့နယ်(က)၊ ရှေ့တန်းဆုကို ဒေးဗစ်ရွှယ်အီရာမှုန် မှော်ဘီမြို့နယ်(က)၊ ပွဲစဉ်တစ်လျှောက်ဂိုးအများဆုံးဆုကို အောင်ကိုကိုလွင်၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို သက်ဇော်ဦးတို့ကရရှိပြီး တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် မှော်ဘီမြို့နယ်(က)အသင်းအား မှော်ဘီခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်က ဆုတံဆိပ် နှင့် ငွေသားဆုသုံးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ ပထမဆု ရရှိသည့် မှော်ဘီမြို့နယ်(ခ)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ငါးသိန်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က ချီးမြှင့်သည်။

အဆိုပါအသက်၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မှော်ဘီခရိုင်အတွင်းရှိ မှော်ဘီမြို့နယ် ဘောလုံးအားကစားဝါသနာရှင် လူငယ်များနှင့် ထန်းတပင် ဘောလုံးဝါသနာရှင်လူငယ်များ ပါဝင်ကစား ခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# သဲကုန်းမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးများ ရိတ်သိမ်း

သဲကုန်း နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆင်းသွယ်လတ်မိုးစပါးများ စိုက်ပျိုးထားရှိရာ သီးကုန်း ကျေးရွာ ရောင်ခြည်ဦးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း လီမိတက်မှ အသင်းသားငါးဦး၏ စိုက်ဧက ၄၆ ဧက၊ ကရင်ကုန်းကျေးရွာ စိမ်းရောင်စိုစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်မှ အသင်းသား ခုနစ်ဦး၏ စိုက်ဧက ၄၆ ဧကနှင့် ကျောက်စိမ်းရောင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်မှ အသင်းသား ခြောက်ဦး၏ စိုက်ဧက ၃၅ ဧကတို့မှ မိုးစပါးများရိတ်သိမ်းခဲ့ရာ တစ်ဧက လျှင် စပါးတင်း ၈၀ ထွက်ရှိခဲ့သည်။

ထို့ပြင် ဆင်းသွယ်လတ်မိုးစပါးစိုက်ပျိုးထားသည့် ကရင်ကုန်း ကျေးရွာပုလဲမွှေးစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းလီမိတက် မှ အသင်းသား ရှစ်ဦး၏ စိုက်ဧက ၅၅ ဧကကို ရိတ်သိမ်းခဲ့ရာ တစ်ဧက လျှင် ၈၅ တင်း ထွက်ရှိကြောင်းနှင့် အိုင်းကုန်းကျေးရွာ သဇင်ပန်းအထွေ ထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသား ၁၀ ဦး၏ စိုက်ဧက ၅၈ ဧကကို ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါး ၈၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက် ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန် ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aung Ko Latt” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ထောင်မတ်ကျေးရွာနေ ဇော်မျိုးတင့် အား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ “Zin Zin Zin” Facebook အကောင့်နှင့် “Ma Zin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေး တိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက်နေ ဇင်မာအေးအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “July July” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၄)ရပ်ကွက်နေ ခိုင်နွယ်စိုးအား ညနေ ၆ နာရီ မိနစ်၂၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်၌ မိုးစပါးများရိတ်သိမ်း

မအူပင် နိုဝင်ဘာ ၂၁

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေး ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရယူ ဆောင်ရွက်သော အားမာန် လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား ၁၅၀ ၏ ဆင်းသုခမိုးစပါး စိုက်ဧက ၃၀၀ ကို စံကွက်ရိတ်သိမ်း ရာ တစ်ဧကလျှင် စပါး ၈၅ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် အတူ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်တို့က ကွင်းဆင်း ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

**✳ MFF Futsal Championship 2023 ပြိုင်ပွဲမှ**

MIU အသင်းနှင့် မလိကြယ်စင် အသင်း၊ Genertions အသင်းနှင့် SGF အသင်း၊ လင်းလက်အသင်းနှင့် UPK အသင်း ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၅ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ် များကို နိုဝင်ဘာ ၂၇ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင် ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ် ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

# ဒါရိုက်တာကြည်စိုးထွန်း၏ "မြန်မာ့ရုပ်ရှင်စကားဝိုင်း"စာအုပ်ထွက်ပြီ

နေပြည်တော် နိုဝင်ဘာ ၂၁

သက်ကြီးဝါရင့်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများနှင့် တွေ့ဆုံစကားပြောခဲ့သည့် ဒါရိုက်တာကြည်စိုးထွန်း၏ "မြန်မာ့ရုပ်ရှင်စကားဝိုင်း"စာအုပ် ထွက်ရှိပြီဖြစ်သည်။ အဆိုပါစာအုပ်တွင် သက်ကြီးဝါရင့်ရုပ်ရှင်ပညာသည်ကြီးများဖြစ်ကြသော အလင်္ကာကျော်စွာ စည်သူ ဒေါက်တာဗိုလ်ကလေးတင့်အောင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးငွေးအောင်၊ ဒေါ်ခင်လှဲ့၊ ဦးစံမတူ၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒါရိုက်တာမောင်မောင်မြင့်၊ ဒေါ်အေးအေးသင်း၊ မြို့မကိုပေါ၊ ဒေါ်ခင်လေးဆွေ၊ ဦးမောင်လေး၊ စံရှားတင်၊ ဦးအောင်လွင်၊ မေမြင့်ရီ၊ ဦးကြည်စိုး၊ သင်းသင်းလှဲ့၊ ဦးစိုးရွှေ၊ မပန်းဝါ၊ ဦးပလာတာ၊ ဦးထွန်းလှိုင်၊ ရုပ်ရှင်ဒါရိုက်တာ မောင်နှင်းမိုး၊ မောင်ယဉ်ထွေးတို့နှင့် တွေ့ဆုံ၍ ရုပ်ရှင်လောက ဖြတ်သန်းခဲ့မှုဘဝအတွေ့အကြုံများကို ပြန်လည်အမှတ်ရစကားပြောခဲ့သည့် မှတ်တမ်းများကို စုစည်းတင်ပြထားသည်။

သက်တော်ရှည်အနုပညာသည်ကြီးတို့ ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များမှတစ်ဆင့် ရုပ်ရှင်လောက၏ အနိမ့်အမြင့်၊ ရုပ်ရှင်လောကသားတို့၏ ဘဝအတက်အကျများ၊ ရုပ်ရှင်ဘဝတစ်စိတ်တစ်ပိုင်းနှင့် ဖြတ်သန်းကျော်လွှားခဲ့ကြသည့် ရုပ်ရှင်သမိုင်းမှတ်တိုင်များ၏ မှတ်တမ်းများကို လေ့လာဖတ်ရှုနိုင်သလို မြန်မာ့ရုပ်ရှင်သမိုင်းနှင့်ပတ်သက်၍ လေ့လာမှတ်သားကိုးကားနိုင်မည့် ရှားပါးစာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ၌ ဝူဖရီးစက္ကူ စာမျက်နှာ ၇၃၆ မျက်နှာဖြင့်ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ ဖုန်း- ၀၆၇-၃၄၁၂၃၇၁၊ ၀၆၇-၃၄၁၂၅၅၃နှင့် စာပေဗိမာန်အရောင်းဆိုင်၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၈၃၈၄၈၀၃၊ ၀၁-၈၃၇၁၃၄၂နှင့် စာပေဗိမာန်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်။

သတင်းစဉ်

# ဒိုက်ဦးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ဒိုက်ဦး နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြောကြား

အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်နှင်းဖြိုးက ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် သင်တန်းမှသင်ကြားပေးသော အတတ်ပညာများဖြင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များမှ လုပ်ငန်းရှင်များဖြစ်လာသည်အထိ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့်လည်း လုပ်ငန်းလုပ်ကိုင်လိုသူများအား မှတ်ပုံတင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် အဝတ်လျှော်၊ ပန်ကန်ဆေး၊ လက်ဆေးဆပ်ပြာဆီများ၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည် ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် သင်တန်းသား ၂၀ အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါး မြို့နယ်၊ မူလွန်(ကင်မွန်းအင်း) ကျောင်းမှ ဒုတိယမူလတန်းပြ ဆရာမ နန်းခင်သီတာထွန်းနှင့် ဒေါ်နန်းခင်သီတာထွန်း [၇/ကတခ(နိုင်)၁၂၁၉၅၇] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါး မြို့နယ်၊ မူလွန် (ခင်အင်းကြီး) ကျောင်းမှ အလယ်တန်းပြဆရာမ နန်းခင်သီတာအေး နှင့် ဒေါ်နန်းခင်သီတာအေး [၇/ကတခ(နိုင်)၁၄၂၅၄၅] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျောက်တံခါး မြို့နယ်၊ မူလွန်(သာယာကုန်း) ကျောင်းမှ ဒုတိယအလယ်တန်းပြ ဆရာမ ဒေါ်ယဉ်ယဉ်အေး [၇/ကတခ(နိုင်) ၁၃၂၈၅၂ ] ၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါး မြို့နယ်၊ မူလွန် (အောင်မင်္ဂလာ) ကျောင်းမှ ဒုတိယ အလယ်တန်းပြ ဆရာမ ဒေါ်ခိုင်ဇင်ဦး [၇/ကတခ(နိုင်)၁၂၂၀၀၄] ၏ ဖခင် ဦးသိန်းငွေး (ခ) ဦးကိုကိုလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၃၆၅၊ မြေကွက်တည်နေရာအမှတ်-၃၆၅၊ အောင်မိုးဟိန်းလမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်သိန်းမင်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား [၇/ပမန(နိုင်)၀၃၅ ၁၉၉] မြေအမည်ပေါက် ဒေါ်ခင်သိန်းမင်း[၇/ပမန(နိုင်)၀၃၅၁၉၉]ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်မှတ်-၈၂၅၇/၂၀၂၂ (၂၁.၁၁.၂၀၂၂)ဖြင့် ဒေါ်ချို့နွယ်ဇင်[၇/ရတရ(နိုင်)၁၀၂၃၁၅]မှ တရားဝင်မခွဲမစိတ်ရသေးသော(ခေါင်းရင်းခြမ်း)၊ ရဲမေတ္တာလမ်းနှင့်ကပ်လျက်ဘက်အခြမ်း (၂၀ပေx၆၀ပေ)အား ဝယ်ယူခဲ့ပြီး၊ ဒေါ်ချို့နွယ်ဇင်သည်(၁၁.၄.၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်းဝယ်ယူထားသည့်အစိတ်အပိုင်းအတွက် ဦးဟိန်းထက်အောင်[၁၂/ဥကတ(နိုင်)၁၆၂၄၈၄]မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်းနှင့် ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်ချို့နွယ်ဇင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပူးတွဲပိုင်ရှင် ဒေါ်ခင်သိန်းမင်းနှင့်ပူးတွဲပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့မြေမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ -၁၃၊ မြေကွက်အမှတ် - ၄၉၀၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၄၉၀၊ ဆိပ်ကမ်းသာလမ်း၊ ရေဦးကွက်ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နီလာဇော် [၁၂/ဗဟန(နိုင်)၀၁၆၅၇၇] အမည်ပေါက်လျက်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ရောင်းသူမှ အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်ဦး [၁၂/ကတန(နိုင်)၀၈၀၄၅၁] မှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၁)၊ မြေကွက်အမှတ် (၁၃၁၉)၊ အကျယ် အဝန်း(၄၀ပေx၆၀ပေ) ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဒေါ်ဖြူဖြူကျော် [၁၂/လမန(နိုင်)၁၂၂၉၀၉]အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၁၉)၊ စွယ်တော်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှမိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်အောင်[၉/ပမန(နိုင်) ၁၇၇၃၆၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ ၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## သွေးသည်အသက်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ကျိုက်ထို နိုဝင်ဘာ ၂၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကင်းမွန်းချောင်းကျေးရွာ ရွာတွင်း လမ်းအရှည် ပေ ၅၀၀ ကွန်ကရစ်ခင်းခြင်းနှင့် တောင်ကလေးကျေးရွာ ရွာတွင်းဂဝံခင်းခြင်း အရှည်ပေ ၂၉၀၀ လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက နိုဝင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာကော်မတီဝင်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလမ်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

■ **ကျောဖုံးမှ**

ရဲမင်းသူ၊ ကျော်မင်းဦး၊ ဖွဲခန့်မင်း၊ နေမိုးနိုင်၊ ဇော်ဝင်းသိန်း၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ၂၅ မိနစ်ကျော်အထိ မြောက်ကိုရီးယားအသင်း တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သလို ဂိုးသွင်းခွင့်များလည်း ရခဲ့သည်။ သို့သော် မိနစ် ၃၀ တွင် ခံစစ်အမှားမှတစ်ဆင့် ဂိုးစတင်ပေးခဲ့ရသလို သုံးမိနစ်အကြာတွင် ပယ်နယ်တီမှတစ်ဆင့် ဂိုးထပ်ပေးခဲ့ရသည်။ မိနစ် ၃၀ တွင် ဂျောင်အီကွမ်၊ ၃၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချိုးဂျင်နမ်၊ ၃၈ မိနစ်တွင် ဟန်ကွမ်ဆောင်တို့က ဂိုးများသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြောက်ကိုရီးယားအသင်းက သုံးဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် မြောက်ကိုရီးယားအသင်းက ပွဲကိုစိုးမိုးထားနိုင်ပြီး ဂိုးများဆက်တိုက်ရရှိကာ ၅၄၊ ၅၆ မိနစ်တွင် ဂျောင်အီကွမ်၊ မိနစ် ၇၀ တွင် ရီဟောင်ဂျင်တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို လူစားဝင်တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ၇၇ မိနစ်တွင် သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့်အခွင့်အရေး ငါးကြိမ်ထက်မနည်းရခဲ့သော်လည်း တစ်ဂိုးသာ ဝင်အောင်သွင်းယူနိုင်ခဲ့သည်။

ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၄ ခုနှစ် မတ်လတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

❖ **ယူကရိန်းအသင်းမှ**

အီတလီအသင်းဟာ ယူကရိန်းအသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်သာထွက်ပေါ်ခဲ့ပေမယ့် ယူကရိန်းအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်ကြောင့်သာ အုပ်စုဒုတိယနေရာနဲ့ ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။

နိုဝင်ဘာ ၂၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွေမှာ ဆလိုဗေးနီးယားအသင်းက ကာဇက်စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖင်လန်အသင်းက ဆန်မာရီနိုအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြောက်အိုင်ယာလန်အသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ချက်သမ္မတနိုင်ငံက မော်လ်ဒိုဗာအသင်းကို သုံးဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိခဲ့ပြီး အင်္ဂလန်အသင်းနဲ့ မြောက်မက်ဆီဒိုနီးယားအသင်းတို့ပွဲစဉ်မှာ တစ်ဂိုးစီသရေ၊ အယ်လ်ဘေးနီးယားအသင်းနဲ့ ဖာရိုးကျွန်းစုအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်တွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

နိုဝင်ဘာ ၂၀ ရက် ပွဲစဉ်တွေအပြီးမှာ ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့အသင်းပေါင်း ၂၀ ရှိသွားပြီဖြစ်ပြီး အဲဒီအသင်းတွေကတော့ အယ်လ်ဘေးနီးယား၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ချက်၊ ဒိန်းမတ်၊ အင်္ဂလန်၊ ပြင်သစ်၊ အိမ်ရှင်ဂျာမနီ၊ ဟန်ဂေရီ၊ အီတလီ၊ နယ်သာလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ စကော့တလန်၊ ဆားဘီးယား၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွစ်ဇာလန်နဲ့ တူကီယဲအသင်းတို့ပဲဖြစ်ပါတယ်။ **ငွေကြယ်**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

## ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများပါဝင်သည့် အဖွဲ့အစည်း (Myanmar GDE Consortium) ဖွဲ့စည်းရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest–EOI) ခေါ်ယူသည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်း စီမံကိန်း၌ ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံဘက်မှ အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများပါဝင်သည့် (Myanmar Government Designated Entity Consortium) ဖွဲ့စည်းရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest–EOI) ရောင်းချမှုကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့အထိ သတ်မှတ်ခဲ့သော်လည်း အချို့သောစိတ်ဝင်စားသည့်ကုမ္ပဏီများမှ ဝယ်ယူနိုင်ရေးအတွက် လျှောက်လွှာများကို ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ ရက်တိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၈၂၈)၊ အကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀)ပေ ဦးသိန်းဟံ (CE–၀၆၉၂၀၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီသီစန်း [၁၂/သကတ(နိုင်)၁၂၈၆၀၇]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယဉ်နွယ်ခိုင် [၁၂/ဒဂတ(နိုင်)၀၈၀၀၅၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၉၂၂)**
**အမှတ်(၁၂၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph: 09–263630989, 09–785474591**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ် (၂၇၂/၂၇၄)၊ အခန်းအမှတ်(၈)၊ မြေညီထပ်+ထပ်ခိုး၊ စတုရန်းပေ(၂၇၆)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးတင့်မျိုးနိုင် [၁၂/အစန(နိုင်)၁၅၇၅၄၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြသီတာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၃၃)**
**ရှေ့နေများရုံးခန်း၊ သန်လျင်မြို့နယ်တရားရုံး၊ သန်လျင်မြို့။ ဖုန်း–၀၉–၄၂၀၀၆၇၅၆၅**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တိုက်အမှတ်(73)၊ မြေညီ + ပထမထပ်ဝမ်းဆက်၊ အင်းဝလမ်းရှိ ၁၃ပေခွဲx ၅၅ ပေ တိုက်ခန်း ၂ ခန်းအား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ဌေး [၉/မနတ(နိုင်)၀၇၈၀၇၅]ထံမှ ဦးအောင်မျိုးဟိန်း [၁၂/မရက(နိုင်)၁၅၇၇၈၅]သည် ၁–၁၁–၂၀၂၃ ရက်တွင် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ထိုတိုက်ခန်းနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်မျိုးဟိန်း**
**[၁၂/မရက(နိုင်)၁၅၇၇၈၅]**
**အမှတ်(၂၁)၊ ပေါ်တော်မူ(၁)လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**

---

## “Ni Lar Soe (Facebook Account) သုံးစွဲသူနှင့် အဆိုပါ Account ကို နောက်ကွယ်မှ အသုံးပြုနေသူများအား အသိပေးကြေညာခြင်း”

ကျွန်ုပ်၏အမှုသည် ဒေါ်စောရတနာဇော်မင်း [၁၂/သကတ(နိုင်)၂၀၀၆၂၇] သည် ဓမ္မစကူးလ်ဆရာမအဖြစ် ဆောင်ရွက်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထိုသို့ ဓမ္မစကူးလ်ဆရာမအဖြစ် မဆောင်ရွက်မီအချိန်က လူမှုရေးပြဿနာများ ဖြစ်ပျက်ခဲ့သည့်အပေါ် အဆိုပါကိစ္စရပ်များကို သိရှိနေသူမှ **Ni Lar Soe (Facebook Account)**ကို အသုံးပြု၍ Facebook (လူမှုကွန်ရက်)တွင် ကျွန်ုပ်အမှုသည်၏ နာမည်ဂုဏ်သတင်းကျဆင်းစေရန်နှင့် အရှက်တကွဲဖြစ်စေရန်ရည်ရွယ်၍ ကျွန်ုပ်အမှုသည်၏ဓာတ်ပုံများ၊ မှတ်ပုံတင်များကိုဖော်ပြကာ လူမှုရေးဖောက်ပြန်ကြောင်း စာသားများတင်၍ ဓမ္မစကူးလ်မိတ်ဆွေများထံ သတင်းဖြန့်ကာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် Ni Lar Soe (Facebook Account)မှတင်သော အချက်အလက်များသည် ဒေါ်စောရတနာဇော်မင်း၏ ယခင်အိမ်ထောင်၏ လက်ဝယ်၌ရှိသော အချက်အလက်များဖြစ်ပါသည်။ ထို့ကြောင့် Ni Lar Soe (Facebook Account) သုံးစွဲသူနှင့် အဆိုပါ Accountအား အသုံးပြု၍ နောက်ကွယ်မှ လုပ်ဆောင်နေသူများအနေဖြင့် လူမှုကွန်ရက်တွင်တင်ထားသည့် ကျွန်ုပ်အမှုသည်နှင့် သက်ဆိုင်သည်များကို ဖျက်ပေးရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးမရှိနိုင်သည့် လုပ်ရပ်များအား မပြုလုပ်ရန် ပြင်းထန်စွာ သတိပေးအပ်ပါသည်။ ဆက်လက်လုပ်ဆောင်မည်ဆိုပါက အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေအပါအဝင် ကျွန်ုပ်အမှုသည်၏ အရှက်တကွဲ ဂုဏ်သိက္ခာကျဆင်းနစ်နာနေရမှုများအတွက် ဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၂၅/ ၂၀၁၂)**
**တိုက်အမှတ်(C–2)၊ အခန်းအမှတ်(A–103), Time Square Condo၊**
**ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09–250000587, 09–799606825**

---

## ပတ်စ်ပို့ပျောက်

အောင်လံမြို့၊ ထောက်ကြံ့တိုင်းကျေးရွာနေ (ဘ) ဦးခင်ရွှေ၏သား မောင်ကျော်ဆွေ [၈/အလန(နိုင်)၁၉၀၈၂၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (MG–302815)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၂၆၃၈၁၀၆၃၁**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၃၂၃)၊ (၂၄၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၃၂၃)၊ သုခမိန်လမ်း၊ (၂၀/ရွှေပေါက်ကံ)ရပ်ကွက်၊ ဦးတင်လှိုင် (SGG–130265) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးတင်လှိုင်(ခင်ပွန်း)သည် (၁၃–၃–၂၀၀၃) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်မေညွန့်[၁၂/မဘန(နိုင်)၀၁၅၉၂၀] မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၀၂/၂၀၂၃၊ ၂–၁၀–၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃–၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော သွားဘက်ဆိုင်ရာဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်–17DMS/2023–2024(L) ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | –(၂၃–၁၁–၂၀၂၃)ရက် (ကြာသပတေးနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | –(၆–၁၂–၂၀၂၃)ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | –၀၆၇–၃၄၁၁၅၄၄၊ ၀၆၇–၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၇/အရှေ့)၊ အောင်သပြေ အရှေ့(၄)လမ်း၊ မြေကွက်အမှတ်(၃၄) အကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်မှာ ဦးကျော်တင်+၁ အမည်ပေါက်ဖြင့် နှစ်(၆၀)မြေငှားဂရန်ထွက်ရှိထားပြီး ယင်းမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(၁၀x၆၀)ပေ မြေနှင့် နေအိမ်(ဂရန်မူရင်း)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ နောက်ဆုံးလက်ဝယ်ထား ပိုင်ဆိုင်ထားသူ ဒေါ်မြစန္ဒာလွင် နိုင်ငံသားအမှတ် [၁၂/တမန(နိုင်)၀၈၀၈၅၄] ကိုင်ဆောင်သူမှ ၎င်းအမှန်တကယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသက်လွင်ဦး [၈/ကမန(နိုင်)၀၅၆၃၇၀]+ ဒေါ်သန္တာဝင်း [၁၁/ပမန(နိုင်)၁၆၄၄၃၄]တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေအိမ်(ဂရန်မူရင်း)၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူမရှိပါက မြေအိမ် အရောင်းအဝယ်ကိစ္စများအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသက်လွင်ဦး+ဒေါ်သန္တာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမာထွေး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၉၈)**
**ဖုန်း– ၀၉–၄၄၂၉၁၂၂၉၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၁၁၅)၊ ပင်းယလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိဒေါ်ဝင်းရီ (YNG–၀၁၉၅၃၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညွန့်ဝင်း [၉/နထက(နိုင်)၀၀၃၄၃၅]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇေယျာထွဋ်ညွန့် [၁၂/ မရက(နိုင်)၁၄၄၀၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်**
**(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

---

## အများသိစေရန်ကြေညာခြင်း

Farmer Phoyarzar General Services Co.,Ltd. သည် Mini Cooper 7J/8188 ယာဉ်အား YOMA Bank နှင့်ချိတ်ဆက်၍ ဒေါ်မြင့်မြင့်စိုး [၁၂/ဗဟန(နိုင်)၀၂၉၆၈၈]အား အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ပါသည်။ ယခုအခါ အဆိုပါယာဉ်နှင့်ပတ်သက်၍ ငွေအကျေပေးသွင်းပြီးဖြစ်သောကြောင့် (၁၀–၁၂–၂၀၂၀)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)၊ စဉ်(၂)ပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပြီး အဆိုပါယာဉ်နှင့် ပတ်သက်၍ Farmer Phoyarzar General Services Co.,Ltd, နှင့် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Farmer Phoyarzar General Services Co.,Ltd ၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူသူထွန်း ( LL.B, D.B.L,WIPO–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၂၀၀၅၃၂၇၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြတ်ရတနာအိမ်ရာ၊ အောင်ချမ်းသာ မြို့ကွက်သစ်၊ မြေကွက်အမှတ်–၁၀၇၊ ၂၀၀၆–ခုနှစ်(မြေငှား) အမှုတွဲအမှတ် – သလ(စီမံကိန်း)မြတ်ရတနာ/၅၄၊ ၂၀၀၆ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်စိမ်းလဲ့ထွေး (ဘ) ဦးမြင့်ဆွေ [၁၂/ဗတထ(နိုင်)၀၂၈၈၈၂]သို့ ချထားပေးသော ဧရိယာ (၀.၁၀၄)ဧက၊ (၄၅၄၅)စတုရန်းပေရှိ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်သူ ဒေါ်စိမ်းလဲ့ဆွေထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောဂရန်မူရင်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉ ၅၁၈၅၁၆၇**

---

## မွေးနေ့ဆုတောင်းလွှာ

၂၂–၁၁–၂၀၂၃ နေ့ရက်တွင် ကျရောက်သော တစ်ဦးတည်းသော ချစ်သားလေး အောင်စစ်ပိုင်၏ (၁၄)နှစ်ပြည့်မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်–

အောင် – မြင်သောဘဝတစ်ခုကို
စစ် – မှန်သောအသိတရားများဖြင့်
ပိုင် – ဆိုင်သောသားကောင်းရတနာတစ်ဦး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်. . .

**နှစ်ဖက်သော – ဘိုးဘိုး၊ ဘွားဘွား**
**ဖေဖေ – ဦးကျော်လင်း**
**မေမေ – ဒေါ်ကေသွယ်အောင်**
**ဒေါ်လေး – တီတီသင်း၊ တီတီငယ်**
**အစ်မ – မမကျော့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၁၁၂၅) ဟုခေါ်တွင်သော အိမ်အမှတ်(၁၁၂၅)၊ မြေတိုင်းလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးရှိ ဦးတင်လှ (ဘ) ဦးဘိုးအောင် (CE–101361) အမည်ပေါက် (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀) ကျယ်ဝန်းသည့် နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၁၁၂၆)နှင့် ကပ်လျက် (၂၀ပေx၆၀ပေ) ကျယ်ဝန်းသည့်ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ပြည့်စုံ [၁၂/သဃက(နိုင်)၁၆၆၆၄၃]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယူအီး–၁တိုးချဲ့ရပ်ကွက်၊ ယာဉ်ငယ် (၁)လမ်း၊ မြေကွက်အမှတ်(၃၈၄)၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ မြေအမည်ပေါက် ဦးကျော်ညွန့် (YDN–၀၅၂၆၁၈) ထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိပိုင်ဆိုင်ထားသူ၊ ရောင်းချပိုင်ခွင့်ရှိသူ– ဒေါ်ခင်မိုးအေး [၁၂/ဒဂမ(နိုင်)၀၂၅၁၀၄]ထံမှ ကျွန်မ ဒေါ်ချိုချိုမြင့် [၁၂/ဥကတ(နိုင်) ၁၁၁၄၅၅]မှ ဝယ်ယူရန် စရန်ငွေတစ်ဝက် ပေးချေထားပါသည်။ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုမြင့်**
**ဖုန်း– 09–957356118**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွှေဟသာ်လမ်း၊ (၁၀၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၁၄၀၂/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးစံလှိုင်အမည်ပေါက် ပါမစ်မြေအမျိုးစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ/မီးအစုံပါ (၁)ထပ်တိုက်အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ မိမိသာတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာ [၁၂/ဒဂမ(နိုင်)၀၀၃၅၂၄]မှ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်သဘောတူ၍ မြေနှင့်အိမ် ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မိုးမိုးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်

### ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

၁။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Online အသုံးပြု၍ ၂၀-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိ နိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

၂။ အစုရှယ်ယာရှင်တစ်ဦးချင်းဆီသို့လည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာ၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြမည့် အမှုဆောင်ဒါရိုက်တာ အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် အစည်းအဝေးတက် ရောက်ရမည့် Zoom Meeting ID အမှတ် တို့ကို အများပိုင် ကုမ္ပဏီ၏ Email အမှတ် info@magdpl.com နှင့် Viber အမှတ် +95-9421162331 တို့ဖြင့်လည်းကောင်း၊ SMS ဖြင့်လည်းကောင်း အချိန်မီ ပေးပို့ပေးသွားမည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များအနေဖြင့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက် ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ အကျိုးစီးပွားတိုးတက်စေရန်အတွက် အကြံပြုမေးမြန်းစာ များ ပေးပို့လိုပါက ၁၄-၁၂-၂၀၂၃(ကြာသပတေးနေ့) ညနေ (၅း၀၀) နာရီ နောက်ဆုံးထား၍ ဒါရိုက်တာ အဖွဲ့သို့ လိပ်မူ၍ Email အမှတ် info@magdpl.com ပေးပို့နိုင်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်

**အစည်းအဝေးကျင်းပမည့်နေ့** - ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက် (ဗုဒ္ဓဟူးနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - မွန်းလွဲ (၂း၀၀) နာရီတိတိ
**အစည်းအဝေးကျင်းပမည့်ပုံစံ** - Zoom Online Meeting

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက်၊ အကွက်အမှတ်(၃)၊ တိုက်ကြီးအရှေ့ကွက်၊ ဦးပိုင်အမှတ်-၅၇/ဃ၊ ဧရိယာ(၀.၀၆၅)ဧကရှိ ဒေါ်သန္တာဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန္တာဝင်း (ဘ) ဦးကျော်ထွန်း [၁၂/တကန(နိုင်) ၁၃၄၅၀၅]က အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းမှ (၀. ၀၁၆)ကေခန့်ရှိ မျက်နှာဝ အကျယ် (၁၀)ပေ၊ နောက်ဘက်အရှည် (၆၀)ပေရှိ မြေနှင့် ခေါင်းရင်းခန်းဖြစ်သော (၂)ထပ် အိမ်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချရန် အရောင်းမြေပုံထုတ်နုတ်ထားပြီးဖြစ်၍ ရောင်းချတော့မည်ဖြစ်သဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သန္တာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၆၃)**
**အမှတ်(၇၆၇)၊ အောင်တံခွန်လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၀၁၈၆၃၁၈**

## ရန်ကုန်တိုင်း ၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗောဂလမ်း၊ တိုက်အမှတ်(၁၄)၊ (၆)လွှာ ခေါင်းရင်းခန်း တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်မြင့်မြင့်မာ[၁၂/သလန(နိုင်)၀၈၇၄၆၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်[၁၄/ရကန(နိုင်)၀၀၇၁၉၇]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်၊ Strand Condominium**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊၄၈/၁၉ ရပ်ကွက်၊ ကံ့ကော် (၄)လမ်း၊ အမှတ်(၁၄၃၂ /က)နေ ဦးအောင်မိုးဦး (၁၄/ပသန (နိုင်) ၁၆၅၂၁၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးအောင်မိုးဦး (၁၄/ပသန(နိုင်)၁၆၅၂၁၇) နှင့် ဒေါ်သီတာလှိုင် (၉/မခန(နိုင်)၁၇၁၂၁၅)တို့သည် (၁၈.၆.၂၀၀၉) ရက်နေ့မှစ၍ တရားဝင် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး၊သားသမီး (၃)ဦး ထွန်းကားခဲ့ပါသည်။ဦးအောင်မိုးဦးသည် ဖနီးဖြစ်သူ ဒေါ်သီတာလှိုင်အပေါ်၌ လင့်ဝတ္တရားနှင့်အညီ ကျွေးမွေးစောင့်ရှောက်ပြီး ပြုမူ နေထိုင်ခဲ့ပါသည်။ ( ၁၀.၃.၂၀၂၁) ရက်နေ့တွင် ဒေါ်သီတာလှိုင်သည် မိဘများရှိရာ မြင်းခြံသို့ ခဏအလည်သွားမည်ဟု ပြောကာ လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်အမှတ်-4P/7894 (HIJET)၊ (၇၅)သိန်း တန်ဖိုး ရှိ ရွှေထည်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊၄၈/၁၉ ရပ်ကွက်၊ ကံ့ကော် (၄)လမ်း၊ အမှတ် (၁၄၃၂/က) မြေ၏ စာရွက်စာတမ်းမူရင်းများ အားလုံးကို ယူဆောင်သွားခဲ့ပါသည်။ (၁၀.၃.၂၀၂၁) ရက်နေ့မှစ၍ ဒေါ်သီတာလှိုင်သည် ခင်ပွန်းဖြစ်သူ ဦးအောင်မိုးဦးထံ ပြန်မလာတော့ပဲ မဆက်သွယ် တော့သည့်အတွက် ဦးအောင်မိုးဦးမှ စုံစမ်းကြည့်ရာ ထပ်မံအိမ်ထောင်ပြု၍ တစ်အိုးတစ်အိမ် နေထိုင်လျှက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။ ဒေါ်သီတာလှိုင် သည် ဦးအောင်မိုးဦး နှင့် တရားဝင် ကွာရှင်းထားခြင်းမရှိဘဲ နောက်အိမ်ထောင် ထပ်ပြုထားသည့်အတွက် အိမ်ထောင်ရေး ပြစ်မှု ကျူးလွန်သူ ဒေါ်သီတာလှိုင် နှင့် ဦးအောင်မိုးဦးတို့သည် ယနေ့မှစ၍ မည်သို့မျှ ပတ်သက် သက်ဆိုင်ခြင်း မရှိတော့ပဲ ဖနီးအဖြစ်မှ စွန့်လွှတ်ကြောင်း နှင့် နောက်နောင် ဒေါ်သီတာလှိုင်နှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ထို့အပြင် ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်မိုးဦး လက်ရှိနေထိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မြို့နယ်၊ ၄၈/၁၉ ရပ်ကွက်၊ ကံ့ကော် (၄)လမ်း၊ အမှတ်(၁၄၃၂ /က) မြေနှင့် နေအိမ်တို့သည် အိမ်ထောင်ရေး ပြစ်မှုကျူးလွန်သူ ဒေါ်သီတာလှိုင် နှင့် လုံးဝ သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် ဦးအောင်မိုးဦး၏ သဘောတူ သိရှိခြင်း မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ပေးကမ်းခြင်း တစုံတရာမျှ မပြုလုပ်ရန် ဒေါ်သီတာလှိုင် နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်နော်နီဘယ်တော (LL.B) | ဒေါ်အေးမြင့်ထွန်း (LL.B) |
| အထက်တန်းရှေ့နေ (စဉ်- ၄၆၁၃၀ ) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၀) |

အမှတ်(၃၃/က)၊ပထမထပ်၊သီရိလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
၀၉ - ၄၄၈၉၁၄၃၈၉ ၊ ၀၉-၄၂၅၀၁၅၀၃၄ ၊ ၀၉-၇၉၂၃၉၇၁၀၇ ၊ ၀၉-၅၁၄၇၃၈၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ ဇလွန်(၄)လမ်း၊ မြေကွက်အမှတ်(၁၁၀)၊ အကျယ်အဝန်း(၄၀×၆၀)ပေရှိ ဒေါ်စောဥမ္မာချို အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်အုန်းမြင့် (၁၀/သထန(နိုင်)၀၀၉၉၈၀)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်အေးက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ရီရီစိုး (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၂၉၄၃၁)
အမှတ်(၆၄၅-ခ)၊မြဟေဝန်ပန်းခြံလမ်း၊အမှတ်(၁၀)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၄၈၀၁၂၃၉၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၅) လမ်း၊ တိုက်အမှတ်(၈၉) (အလျား 50'x အနံ 12.5' = 625 sqft)အကျယ်အဝန်းရှိ (၆) ထပ်တိုက်အဆောက်အဦ၏ တတိယထပ် (ခေါင်းရင်းခန်း) ၏ အကျိုးခံစားခွင့် အရပ်ရပ်အား မူလပိုင်ရှင် ဦးဇော်မြင့်ထွန်း [၁၂/ကမရ(နိုင်)၀၂၉၅၁၃]မှ အရပ်ကတိစာချုပ် ၁-၈-၂၀၂၀မှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ပြီး မိမိ တရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချလာသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်နှင်းဖြူစိုး [၆/ထဝန(နိုင်) ၁၂၆၁၃၅] မှ အဆိုပါအခန်း၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်နှင့် ပတ်သက်၍ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်မထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသည်။

**ဒေါ်နှင်းဖြူစိုး**
**အမှတ်(၁၈)၊ (၆) လွှာ၊ ကျွန်းတောလမ်း၊ ကျွန်းတောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၉၀၄၄၇၆**

## ဦးညိုအောင် [၈/ထလန(နိုင်)၀၂၆၃၀၁]က မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/သမိုင်း)၊ မြေကွက်အမှတ်(၁၁)၊ ဧရိယာ(၃.၇၃၃)ကေထဲမှ (၁.၀၀)ကေခန့် အရောင်းအဝယ်အား ထပ်မံကန့်ကွက်ကြောင်း အများသိစေရန်ကြေညာချက်

ဦးညိုအောင်သည် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/သမိုင်း)၊ မြေကွက်အမှတ်(၁၁)၊ ဦးဘထွန်း အမည်ပေါက် မြေ (၃.၇၃၃)ကေကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၉၃/၂၀၀၂၏ အနိုင်ဒီကရီဖြင့်ပိုင်ဆိုင်ခဲ့ပြီး (၂၀၀၈)ခုနှစ်တွင် ဦးအိုက်လင်း [၁၃/တကန(နိုင်)၀၂၄၉၈၈]သို့ ရောင်းချ၍ ကျူးကျော် နေထိုင်သူများရှိနေသည့် မြေ(၁. ၀၀)ကေခန့် အပါအဝင် မြေအနည်း ငယ်မှအပ ကျန်မြေအစိတ်အပိုင်းများကို လက်ရောက်ပေးအပ်ခဲ့ပါသည်။

မူလအမည်ပေါက် ပိုင်ရှင် ဦးဘထွန်း၏ သားသမီးများက မြေ (၁.၀၀)ကေခန့်ပေါ်တွင် ကျူးကျော်နေထိုင်နေသည့် ဒေါ်လှစိန်(ခ) နော်ဘယ်လာမိသားစုကိုဖယ်ရှားရန် ရန်ကုန်တိုင်းဒေသကြီး တရား လွှတ်တော်တွင် တရားမကြီးမှုအမှတ် ၂၀/၂၀၁၂ စွဲဆိုထားစဉ် အတွင်း ဦးဝင်းအောင်က အဆိုပါ မြေ(၁. ၀၀)ကေခန့်ကို ဦးညိုအောင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကိုကိုအောင်ဌေးထံမှ ဝယ်ယူ ကြောင်းဆို၍ အထူးဂရန် လျှောက်ထားခဲ့သဖြင့် ဦးညိုအောင်က အကြိမ်ကြိမ် ကန့်ကွက်ခဲ့ပြီး ကိုယ်စားလှယ်လွှဲစာကို တရားဝင် ဖျက်သိမ်း ခဲ့သည့်အပြင် ထိုသို့ဖျက်သိမ်းပြီးကြောင်း မြွက်ဟကြေညာပေးရန် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ် ၃၈/၂၀၁၇ စွဲဆိုခဲ့ပါသည်။

အဆိုပါအမှုတွင် ဦးကိုကိုအောင်ဌေးက ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသည် ဦးညို အောင်၏ ကန့်ကွက်တင်ပြစာများကြောင့် ဦးဝင်းအောင်အထူးဂရန် လျှောက်ထားသည့် အမှုတွဲတစ်ခုလုံးကို ပယ်ဖျက်(Cancel)ပြီးဖြစ် ကြောင်း ချေလွှာတင်သွင်းခဲ့သဖြင့် ရုံးတော်က အမှုကို စစ်ဆေးကြားနာ နေဆဲဖြစ်ပါသည်။

(၁၆-၁၁-၂၀၂၃)နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးဝင်းအောင်၏ ရှေ့နေဦးစည်သူကျော်၏ ပြန်လည်ဖြေရှင်းအသိပေးခြင်း ကြေညာချက် တွင် တရားမကြီးမှုအမှတ်(၉၃/၂၀၀၂)၏ အနိုင်ဒီကရီ ဖြင့်ရရှိထားသည့် မြေကို ဦးညိုအောင်(Possession Title)ရရှိထားခြင်းမရှိကြောင်း ဆိုပါလျက် ဦးဝင်းအောင်က ဦးညိုအောင်၏ ကိုယ်စားလှယ်စာရသူထံမှ မြေဝယ်ယူပြီး အထူးဂရန်လျှောက်ထားခြင်းဖြစ်၍ အဆိုပါကိစ္စ အတွက် ဥပဒေနှင့်အညီ တရားစွဲဆိုရန်နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများတွင် အထူးဂရန် ဖျက်သိမ်းရန် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် အထက်ခေါင်းစဉ်ပါ မြေ(၁. ၀၀)ကေခန့်ကို ဦးဝင်းအောင်က ရောင်းချ ခြင်းအား ထပ်မံကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးညိုအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိအိထွေး** | **ဦးစိုးမင်းအောင်** |
| **စဉ်-၁၃၀၆၅ (၂၇-၇-၂၀၁၇)** | **စဉ်-၁၈၄၃၉ (၃၁-၁၀-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၄/၄ဘီ)၊ ၂၄လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၇၉၈၉၅၁၅၊ ဖုန်း-၀၉-၇၉၀၆၇၂၆၀၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၁၅)၊ အနံ-အရှေ့မျက်နှာဝ (၃၈ပေ)၊ အနံ-အနောက်မျက်နှာဝ (၄၃)ပေ၊ အလျား(၇၅ပေ)ရှိ အိမ်နှင့်မြေ အပါအဝင်အနက်မှ အနံ-အရှေ့မျက်နှာဝ (၁၁ပေ)၊ အနံ-အနောက်မျက်နှာဝ(၁၅)ပေ၊ အလျား(၇၅ပေ)ရှိ မြေသီးသန့်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဘဌေး (PAG-131961) မှ အမည်ပေါက် ပိုင်ဆိုင်ပြီး၊ တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူ၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ရောင်းချသူ၏ တူမဖြစ်သူ ဒေါ်အေမီသန်း [၁၂/မဂဒ(နိုင်)၁၂၀၄၁၆]က ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးအေးစိုး [၃/ကကရ(နိုင်) ၁၈၂၉၉၂]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ဦးဘဌေး၏ တူမဖြစ်သူ ဒေါ်အေမီသန်း [၁၂/မဂဒ(နိုင်)၁၂၀၄၁၆]ထံ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါ သည်။ အဆိုပါ မြေနှင့်စပ်လျဉ်း၍ ပိုင်ရေး ဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီဝင်း**
**(အထက်တန်းရှေ့နေ) (စဉ်-၂၂၇၃၆)**
**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၂၇၈၂၂၈**

## ကန့်ကွက်နိုင်ပါသည်

သန်လျင်မြို့နယ်၊ ဦးပိုင်အမှတ်(၁၆/တ)၊ ညောင်သုံးပင်ကျေးရွာ၊ ရွှေမေတ္တာ(၂)လမ်း၊ အမှတ်(၁၃၂၀)၊ ဒေါ်နွယ်နွယ်ဝင်း အမည်ပေါက်မြေ အကျယ်ပေ(၂၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်အေးအေးလှိုင် [၁၂/သကတ(နိုင်)၁၂၄၇၅၃] မှ အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူ ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း၊ မြေစာရင်းမှန်ကန်ကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ဦးအိုက်လင်း [၁၃/တကန(နိုင်)၀၂၄၉၈၈] က မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/သမိုင်း)၊ မြေကွက်အမှတ်(၁၁) ဧရိယာ(၃.၇၃၃)ကေထဲမှ (၁.၀၀)ကေခန့် အရောင်းအဝယ်အား ထပ်မံကန့်ကွက်ကြောင်း အများသိစေရန်ကြေညာချက်

ဦးအိုက်လင်းသည် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/သမိုင်း)၊ မြေကွက်အမှတ်(၁၁)၊ ဦးဘထွန်းအမည်ပေါက် မြေဧရိယာ (၃. ၇၃၃) ကေကို ဦးညိုအောင် [၈/ထလန(နိုင်)၀၂၆၃၀၁]ထံမှ (၂၀၀၈) ခုနှစ် ကတည်းက ဝယ်ယူခဲ့ပြီး ဒေါ်လှစိန်(ခ) နော်ဘယ်လာမိသားစု ကျူးကျော်နေထိုင်သည့် မြေ(၁. ၀၀)ကေခန့် အပါအဝင် မြေအနည်း ငယ်မှအပ ကျန်မြေအစိတ်အပိုင်းများကို လက်ရောက်ရရှိထားပါသည်။

မူလမြေပိုင်ရှင် ဦးဘထွန်း၏ သားသမီးများက မြေ(၁.၀၀)ကေ ပေါ်တွင် ကျူးကျော်နေထိုင်နေသည့် ဒေါ်လှစိန်(ခ)နော်ဘယ်လာ မိသားစုအား ဖယ်ရှားရန် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှု အမှတ်-၂၀/၂၀၁၂ စွဲဆိုထားစဉ်အတွင်း ဦးဝင်းအောင်က အဆိုပါ မြေ(၁.၀၀) ကေခန့်ကို အထူးဂရန်လျှောက်ထားခဲ့သဖြင့် ဦးအိုက်လင်းက အကြိမ်ကြိမ် ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက ဦးအိုက်လင်းထံ (၂၂-၈-၂၀၁၆)ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားရာတွင် ဦးဝင်းအောင်သည် အဆိုပါ မြေ(၁.၀၀)ကေခန့်အား သက်တမ်းကုန်လိုင်စင်မြေဖြစ်၍ ၁၉၈၉ခုနှစ်၊ အောက် မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ အက်ဥပဒေအရ (Immediate Succeeded in Occupation)ရရှိရန် လျှောက်ထားခဲ့ခြင်း မဟုတ်ဘဲ ရန်ကုန် အနောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၉၃/၂၀၀၂ ဖြင့် အနိုင် ဒီကရီရရှိသူ ဦးညိုအောင်၏ အထွေထွေကိုယ်စား လှယ် လွှဲစာရရှိသူ ဦးကိုကိုအောင်ဌေးထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပြီး အထူးဂရန် လျှောက်ထားခြင်းဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။

သို့ဖြစ်၍ ဦးညိုအောင်က ဦးကိုကိုအောင်ဌေးအား လွှဲအပ်ထားသည့် မှတ်ပုံတင်အထွေထွေ ကိုယ်စားလှယ်လွှဲစာကို တရားဝင်ပယ်ဖျက် ခဲ့ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ်-၃၈/၂၀၁၇စွဲဆိုခဲ့သဖြင့် ဦးကိုကိုအောင်ဌေး၏ ချေလွှာတွင် ဦးညိုအောင်၏ ကန့်ကွက်တင်ပြ စာများကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနက ဦးဝင်းအောင် အထူးဂရန်လျှောက်ထား သည့် အမှုတွဲတစ်ခုလုံးကို ပယ်ဖျက် (Cancel) ပြီးဖြစ်ကြောင်း ချေပခဲ့ပြီး အမှုကို ရုံးတော်က စစ်ဆေးကြားနာနေဆဲဖြစ်ပါသည်။

ဦးအိုက်လင်းသည် အငြင်းပွားမြေနှင့် ပတ်သက်သည့် အမှုအခင်း များအတွင်း ဦးဝင်းအောင် ရယူသွားသည့် အထူးဂရန်ကို ပယ်ဖျက်ခွင့် ရရန်အတွက် သက်ဆိုင်သည့် ဌာနဆိုင်ရာများတွင် စီစဉ်ဆောင်ရွက်နေပါ သောကြောင့် ဦးဝင်းအောင်က အထက်ခေါင်းစဉ်ပါ မြေ(၁. ၀၀)ကေခန့် ကို ရောင်းချခြင်းအား ထပ်မံကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအိုက်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ခင်ဌေး** | **ဒေါ်စန္ဒာမြင့်** |
| **စဉ်-၁၂၈၉၈ (၁၃-၇-၂၀၁၇)** | **စဉ်-၁၂၆၁၄ (၁-၆-၂၀၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၁၉)၊ ၈လွှာ(အေ)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၀၀၇၉၃၃၈၊ ၀၉-၄၂၀၃၄၆၀၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့်နေရာ သက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လို...**

❖ **သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း၌ ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စု (B) ဒုတိယနေ့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြောက်ကိုရီးယားလက်ရွေးစင်အသင်းတို့ နိုဝင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ မြောက်ကိုရီးယားအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဂိုးပြတ်အရေးနိမ့်**

မြန်မာအသင်းအနေဖြင့် အိမ်ကွင်း၌ အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း မိနစ် ၃၀ နောက်ပိုင်း ဂိုးများ ဆက်တိုက်ပေးရခြင်း၊ ဂိုးသွင်းခွင့်များ အသုံးမချနိုင်ခြင်း၊ ခံစစ်အမှားများရှိခဲ့ခြင်းတို့ကြောင့် နှစ်ပွဲဆက် ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။ မြောက်ကိုရီးယားအသင်းမှာမူ နိုင်ပွဲပြန်ရခဲ့သဖြင့် ကမ္ဘာ့ဖလား တတိယအဆင့် ခြေစစ်ပွဲတက်ရောက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ■



မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## MFF Futsal Championship 2023 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ နိုဝင်ဘာ ၂၂၊ ၂၃ ရက် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

MFF Futsal Championship 2023 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို နိုဝင်ဘာ ၂၂၊ ၂၃ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များမှာ နိုဝင်ဘာ ၂၀ ရက်က ပြီးဆုံးခဲ့ပြီး တစ်ရက်နားပြီးနောက် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပခြင်းဖြစ်သည်။ ရှုံးထွက်ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် လက်ရှိချန်ပီယံ VUC အသင်းနှင့် YRG အသင်း၊ Winner Soccer အသင်းနှင့် Dream Team Legends အသင်း၊ Futsal-19 အသင်းနှင့် ပြည့်စုံအသင်း၊ Dream Team အသင်းနှင့် M-Million အသင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် TG United အသင်းနှင့် M2K အသင်း၊ စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ✳

## ယနေ့ ဖတ်စရာ


**တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်လျက်ရှိသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၂

**နိုင်ဂျီးရီးယားနိုင်ငံရှိ ကလေးငယ် သန်း ၁၀၀ ခန့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများဖြင့် ရင်ဆိုင်နေရ** စာမျက်နှာ » ၁၃

**နှလုံးသားကြီးမားသူဖြစ်ချင်သလား** စာမျက်နှာ » ၁၉


## ယူကရိန်းအသင်းနှင့် ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း လက်ရှိချန်ပီယံ အီတလီအသင်း ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအောင်ခဲ့

ယူကရိန်းအသင်းနဲ့ အီတလီအသင်းတို့ နိုဝင်ဘာ ၂၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အီတလီအသင်းက ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်ပါတယ်။

အီတလီအသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရတဲ့ အုပ်စု(C)မှာ အုပ်စုအဆင့်ရှစ်ပွဲ ကစားပြီးနောက် အီတလီအသင်းအနေနဲ့ ရမှတ် ၁၄ မှတ်ရရှိခဲ့ပြီး အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

